မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂ ] ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် ) } သောကြာနေ့ [ အတွဲ ၆၇

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် )

**ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ (၈၇ × ၈၈) လမ်းကြား၊ ၁၅ လမ်း၊ အမှတ် ၆၂ နေ ဦးသိန်းမြင့် [၁၃/နခန (နိုင်) ၀၀၀၀၁၇] အား ရှမ်းပြည်နယ် (လားရှိုး)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ နောင်ချိုကြိုးဝိုင်း၊ အကွက်အမှတ် ၁ နှင့် ၂ အတွင်း ကျွန်းစိုက်ခင်း

၅၀၀ ဧကကို အောက်ဇယားပါ စာတိုင် (၄) ရှိ ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင်ဆောင်ရွက်ရမည့် နှစ်မှ နှစ် ၄၀ အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့် မြေအကြောင်းအရာ**

| **အမှတ်စဉ်** | **ကြိုးဝိုင်းတော** | **အကွက်အမှတ်** | **ဧရိယာ (ဧက)** | **လုပ်ငန်းစတင်ရမည့် ခုနှစ်** |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | နောင်ချိုကြိုးဝိုင်း | ၁၊ ၂ | ၅၀၀ | ၂၀၁၃-၂၀၁၄ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

**အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် )

**ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေး လုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်း ပြည်ပရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်း တို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇) ရပ်ကွက်၊ ၁၅ လမ်း၊ (ပ) ထပ်၊ အမှတ်-၁၁၆ နေ ဦးကျော်သူရိန်ဖြိုး [၁၂/လမတ (နိုင်) ၀၃၃၂၃၀] အား ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ ရေအေးမြောင်ကြိုးဝိုင်း၊ အကွက်အမှတ် ၂၆ အတွင်း ကျွန်းစိုက်ခင်း ၄၉ ဧကကို

အောက်ဖယားပါ စာတိုင် (၄) ရှိ ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင်ဆောင်ရွက်ရမည့်နှစ်မှ နှစ် ၃၀ အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့် မြေအကြောင်းအရာ**

| အမှတ်စဉ် | ကြိုးဝိုင်းတော | အကွက်အမှတ် | ဧရိယာ (ဧက) | လုပ်ငန်းစတင်ရမည့် ခုနှစ် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | ရေအေးမြောင်ကြိုးဝိုင်း | ၂၆ | ၄၉ | ၂၀၁၄-၂၀၁၅ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၁၃)

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် )

**ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့၊ လသာမြို့နယ်၊ စဉ့်အိုးတန်းလမ်း၊ အမှတ်-၃၀ နေ ဦးဟိန်းထက်ဇော် [၁၂/လသန (နိုင်) ၀၂၀၁၆၅] အား ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မုက္ခာကြိုးဝိုင်း၊ အကွက်အမှတ် ၂၁ အတွင်း ကျွန်းစိုက်ခင်း ၁၅၀ ဧကကို တစ်ဖက်ဇယားပါ

စာတိုင် (၄) ရှိ ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင်ဆောင်ရွက်ရမည့်နှစ်မှ နှစ် ၃၀ အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့် မြေအကြောင်းအရာ**

| အမှတ်စဉ် | ကြိုးဝိုင်းတော | အကွက်အမှတ် | ဧရိယာ (ဧက) | လုပ်ငန်းစတင်ရမည့် ခုနှစ် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | မုက္ခာကြိုးဝိုင်း | ၂၁ | ၁၅၀ | ၂၀၁၃-၂၀၁၄ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

**အမိန့်ကြော်ငြာစာအမှတ် (၆၃/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် )

**ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် မင်းဘူးမြို့၊ ဂေါက်ကွင်းအနီး၊ အမှတ် (၄) နယ်မြေနေ ဦးစိန်လင်း [၈/မဘန (နိုင်) ဝ၆၈၅၈၆] အား မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်၊ ပုဂံကြိုးဝိုင်း၊ အကွက်

အမှတ် ၄ အတွင်း ကျွန်းစိုက်ခင်း ၂၅၀ ဧကကို အောက်ဖယားပါ စာတိုင် (၄) ရှိ ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင်ဆောင်ရွက်ရမည့်နှစ်မှ နှစ် ၄၀ အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့် မြေအကြောင်းအရာ**

| အမှတ်စဉ် | ကြိုးဝိုင်းတော | အကွက်အမှတ် | ဧရိယာ (ဧက) | လုပ်ငန်းစတင်ရမည့် ခုနှစ် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | ပုဂံကြိုးဝိုင်း | ၄ | ၁၀၀ | ၂၀၁၃-၂၀၁၄ |
| ၂။ | ပုဂံကြိုးဝိုင်း | ၄ | ၁၀၀ | ၂၀၁၄-၂၀၁၅ |
| ၃။ | ပုဂံကြိုးဝိုင်း | ၄ | ၅၀ | ၂၀၁၅-၂၀၁၆ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် )

**ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်း

တို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့၊ စည်ပင်သာယာရပ်ကွက်နေ စံရှားမိသားစုကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးစံရှား [၈/ဂဂန (နိုင်) ၀၀၃၆၉၆] အား မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ စစ်နှီးကြိုးဝိုင်း၊ အကွက်အမှတ် ၃၂ အတွင်း ကျွန်းစိုက်ခင်း ၂၀၀ ဧကကို အောက်ဖော်ပြပါ စာတိုင် (၄) ရှိ ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင်ဆောင်ရွက်ရမည့်နှစ်မှ နှစ် ၃၀ အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့် မြေအကြောင်းအရာ**

| **အမှတ်စဉ်** | **ကြိုးဝိုင်းတော** | **အကွက်အမှတ်** | **ဧရိယာ (ဧက)** | **လုပ်ငန်းစတင်ရမည့် ခုနှစ်** |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | စစ်နှီးကြိုးဝိုင်း | ၃၂ | ၁၀၀ | ၂၀၁၃-၂၀၁၄ |
| ၂။ | စစ်နှီးကြိုးဝိုင်း | ၃၂ | ၁၀၀ | ၂၀၁၄-၂၀၁၅ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၈၁/၂၀၁၃)

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက် )

**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ နာယကအဖွဲ့ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၃/၂၀၁၃) ၏ သဘောတူညီချက်ဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဖွဲ့စည်းနိုင်ရန်အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ အခန်း (၃)၊ ပုဒ်မ ၄ အရ အပ်နှင်းထားသော အခွင့်အာဏာကို ကျင့်သုံးလျက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ နာယကအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(၁) ဦးကျော်လွင်
ပြည်ထောင်စုဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂) ဦးအေးမြင့်
ပြည်ထောင်စုဝန်ကြီး
အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန

(၃) ဦးစိုးသာ
ဥက္ကဋ္ဌ
စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ
ပြည်သူ့လွှတ်တော်

(၄) ဦးမျိုးမြင့်
ဥက္ကဋ္ဌ
အမျိုးသားစီမံကိန်းနှင့်ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ
အမျိုးသားလွှတ်တော်

(၅) ဦးတင့်ဆွေ
ဒုတိယဝန်ကြီး (အငြိမ်းစား)
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၆) ဒေါက်တာညီလှငယ်
ဒုတိယဝန်ကြီး (အငြိမ်းစား)
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(၇) ဒေါက်တာစိန်မြင့်
ပါမောက္ခ/ဌာနမှူး (အငြိမ်းစား)
ရန်ကုန်နည်းပညာတက္ကသိုလ်

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၈၂/၂၀၁၃)

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်
( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက် )

### မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် တာဝန်ခံဝန်ကြီးဌာန သတ်မှတ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၃/၂၀၁၃) ၏ သဘောတူညီချက်ဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသော အခွင့်အာဏာကို ကျင့်သုံးလျက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် **ဆောက်လုပ်ရေးဝန်ကြီးဌာန**ကို တာဝန်ခံဝန်ကြီးဌာနအဖြစ် သတ်မှတ်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက် )

## ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

ပြည်ထောင်စုလွှတ်တော်နာယကသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ လွှတ်တော်ရုံး သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ရုံး၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် ခွင့်ပြုပြီးဖြစ်သော ဖွံ့ဖြိုးရေးရန်ပုံငွေများကို သတ်မှတ်ကာလအတွင်း စနစ်တကျ အသုံးပြုနိုင်ရေးအတွက် ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို **ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **လုပ်ငန်း**ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်က မြို့နယ်ကို အခြေခံ၍ ခွဲဝေသတ်မှတ်သည့် ရန်ပုံငွေဖြင့် သက်ဆိုင်ရာမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ဖွံ့ဖြိုးရေး လုပ်ငန်းကို ဆိုသည်။

(ခ) **ကော်မတီ**ဆိုသည်မှာ လုပ်ငန်းများအတွက် ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်နာယကက ဖွဲ့စည်းပေးသော ဖွံ့ဖြိုးရေးလုပ်ငန်း ကော်မတီကို ဆိုသည်။

(ဂ) **လွှတ်တော်ကော်မတီ**ဆိုသည်မှာ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇ တို့အရ ဖွဲ့စည်းထားသော လွှတ်တော် ကော်မတီအသီးသီးကို ဆိုသည်။

(ဃ) **လွှတ်တော်ကိုယ်စားလှယ်**ဆိုသည်မှာ လုပ်ငန်းဆောင်ရွက်မည့် သက်ဆိုင်ရာမြို့နယ်၏ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့ကို ဆိုသည်။

(င) **မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တာဝန်ခံကြီးကြပ်ရန် ဤလုပ်ထုံး လုပ်နည်းများအရ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(စ) **ရန်ပုံငွေ**ဆိုသည်မှာ လုပ်ငန်းအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လွှတ်တော်ရုံး သို့မဟုတ် ပြည်ထောင်စုလွှတ်တော် လွှတ်တော်ရုံးသို့ ခွဲဝေချထားပေးသောရန်ပုံငွေကို ဆိုသည်။

(ဆ) **အဆိုပြုတင်ပြချက်**ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေး အဖွဲ့က အဆိုပြုတင်ပြသည့်လုပ်ငန်းများကို ဆိုသည်။

(ဇ) **လုပ်ငန်းနှင့်စာရင်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်၌ ကော်မတီက ခွင့်ပြုသည့် လုပ်ငန်းများအတွက် ရန်ပုံငွေခွဲဝေသုံးစွဲရာတွင် သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းများနှင့် ကိုက်ညီမှု ရှိ မရှိ၊ လုပ်ငန်း၏မူလရည်ရွယ်ချက်နှင့် ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော် နိုင်ခြင်း ရှိ မရှိ၊ လုပ်ငန်းများနှင့် စာရင်းများကို စစ်ဆေးရန် ကော်မတီက ဖွဲ့စည်းပေးသောအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ရခြင်းရည်ရွယ်ချက် များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သက်ဆိုင်ရာမဲဆန္ဒနယ်မြေများအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ချက်များနှင့်ကိုက်ညီပြီး စနစ်တကျရှိစေရန်၊

(ခ) သက်ဆိုင်ရာမဲဆန္ဒနယ်မြေအတွင်းရှိ ပြည်သူတို့၏အဓိကလိုအပ်ချက်များကို ပြည်သူများနှင့် ပူးပေါင်း၍ လက်တွေ့ကျကျဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်၊

(ဂ) မြို့နယ်အလိုက် သုံးစွဲရန် ခွင့်ပြုထားသောဘဏ္ဍာငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်ကို လွယ်ကူ ရှင်းလင်းစွာ စနစ်တကျဆောင်ရွက်နိုင်စေရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုလွှတ်တော်သည် ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) နာယက<br>ပြည်ထောင်စုလွှတ်တော် — ဥက္ကဋ္ဌ

(ခ) ဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော်<br>ဥက္ကဋ္ဌ<br>အမျိုးသားလွှတ်တော် — တွဲဖက်ဥက္ကဋ္ဌ

(ဂ) ဒုတိယဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော် — အဖွဲ့ဝင်

(ဃ) ဒုတိယဥက္ကဋ္ဌ<br>အမျိုးသားလွှတ်တော် — အဖွဲ့ဝင်

(င) ဥက္ကဋ္ဌ<br>ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ<br>ပြည်ထောင်စုလွှတ်တော် — အဖွဲ့ဝင်

(စ) ဥက္ကဋ္ဌ<br>စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီ<br>ပြည်ထောင်စုလွှတ်တော် — အဖွဲ့ဝင်

(ဆ) ညွှန်ကြားရေးမှူးချုပ်<br>လွှတ်တော်ရုံး သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ရုံး — အတွင်းရေးမှူး

(ဇ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး (၁)
ပြည်သူ့လွှတ်တော်ရုံး

(ဈ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး (၂)
အမျိုးသားလွှတ်တော်ရုံး

၅။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့နယ်များတွင် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ခ) လုပ်ငန်းနှင့်စာရင်းစစ်ဆေးရေးအဖွဲ့ကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) သက်ဆိုင်ရာ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့က အဆိုပြုတင်ပြသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ သင့်လျော်သည့် လွှတ်တော်ကော်မတီများအား စိစစ်တင်ပြရန် လိုအပ်ပါက တာဝန်ပေးအပ်ခြင်း၊

(ဃ) ရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲရေးနှင့်စပ်လျဉ်း၍ လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ စစ်ဆေးဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့များအား ဘဏ်စာရင်းဖွင့်လှစ်ဆောင်ရွက်စေခြင်း၊

(င) ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စာရင်းဇယားများ ပြုစုထားရှိခြင်းတို့နှင့်စပ်လျဉ်း၍ လုပ်ငန်းနှင့် စာရင်းစစ်ဆေးရေးအဖွဲ့က အခါအားလျော်စွာတင်ပြသော အစီရင်ခံစာများကို စိစစ်သုံးသပ်ပြီး လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(စ) ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများအား သက်ဆိုင်ရာမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည် ဖော်ရေးအဖွဲ့က သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ လိုအပ်ပါက လွှဲပြောင်းအပ်နှံ စေခြင်း၊

(ဆ) မြို့နယ်အရွယ်အစားသေးငယ်ပြီး မူလလျာထားသတ်မှတ်ထားသော ရန်ပုံငွေကို အပြည့်အဝသုံးစွဲ နိုင်သော အခြေအနေမရှိသည့်မြို့နယ်များအတွက် သင့်လျော်သည့်ဘဏ္ဍာရန်ပုံငွေကို စိစစ် ခွင့်ပြုခြင်း၊

(ဇ) အကြောင်းအမျိုးမျိုးကြောင့် မူလလျာထားသတ်မှတ်ထားသော ရန်ပုံငွေထက် ပိုမိုသုံးစွဲရန်ရှိသော မြို့နယ်များအတွက် သင့်လျော်သည့်ဘဏ္ဍာရန်ပုံငွေကို စိစစ်၍ ထပ်မံခွင့်ပြုခြင်း၊

(ဈ) အဆိုပြုတင်ပြချက်များအတွက် သက်ဆိုင်ရာမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေး အဖွဲ့သို့ လုပ်ငန်းဆောင်ရွက်ခွင့်နှင့် ရန်ပုံငွေခွင့်ပြုချက်ပုံစံ (၂) ဖြင့် ဆောလျင်စွာအကြောင်း ကြားခြင်း၊

(ည) အဆိုပြုတင်ပြချက်ပါ လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်ချက်များရှိပါက အချက်အလက်များကို ထပ်မံပေးပို့ရန် ညွှန်ကြားခြင်း၊

(ဋ) မြို့နယ်များ၏ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စာရင်းချုပ်ပြုစု၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအစီရင်ခံခြင်း။

## အခန်း (၄)

## မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

### ဖွဲ့စည်းခြင်း

၆။ မြို့နယ်အလိုက် သက်ဆိုင်ရာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သော မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်

ဖော်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။ အဖွဲ့၏နာယက သို့မဟုတ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖြစ် ညှိနှိုင်းသတ်မှတ်၍ တာဝန်ယူဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များတွင်မူ သက်ဆိုင်ရာမြို့နယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့ဖြင့်သာ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။ အဖွဲ့၏ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ညှိနှိုင်းသတ်မှတ်၍ တာဝန်ယူဆောင်ရွက်ရမည်။

**လုပ်ငန်းတာဝန်များ**

၇။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီက တင်ပြလာသော ဖွံ့ဖြိုးရေးလုပ်ငန်းလျာထားချက်များကို ညှိနှိုင်းစိစစ်ရွေးချယ်ပြီး အစည်းအဝေးဆုံးဖြတ်ချက် မိတ္တူတစ်စောင်နှင့်အတူ ကော်မတီသို့ လုပ်ငန်းနှင့် ရန်ပုံငွေသုံးစွဲခွင့်တောင်းခံခြင်း အဆိုပြုတင်ပြချက်ပုံစံ (၁) ဖြင့် တင်ပြခြင်း၊

(ခ) ကော်မတီ၏ခွင့်ပြုချက်ဖြင့် လွှဲပြောင်းပေးပို့လာသောငွေကို သက်ဆိုင်ရာမြို့နယ်ဘဏ်ခွဲများတွင် စာရင်းရှင်ငွေစာရင်း (Current Account) ဖွင့်လှစ်ပြီး ငွေထုတ်မည့်ကိုယ်စားလှယ်နှစ်ဦး သို့မဟုတ် သုံးဦး၏အမည်စာရင်းနှင့် ငွေစာရင်းအမှတ်တို့ကို ကော်မတီသို့ ပေးပို့ခြင်း၊

(ဂ) မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ အတည်ပြုဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီအား တာဝန်ခံယူဆောင်ရွက်စေခြင်း၊

(ဃ) ဤလုပ်ထုံးလုပ်နည်းများအရ အကောင်အထည်ဖော်သောလုပ်ငန်းများ မှန်ကန်ထိရောက်မှုရှိစေရေးအတွက် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီအား မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရန် ခွင့်ပြုတာဝန်ပေးအပ်ခြင်း၊

(င) လုပ်ငန်းဆောင်ရွက်ရာတွင် အချိန်မီပြီးစီးနိုင်စေရေးအတွက် အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ငွေထုတ်ပေးခြင်းနှင့် လုပ်ငန်းများကို ကြီးကြပ်ခြင်း၊

(စ) ဖွံ့ဖြိုးရေးလုပ်ငန်းအလိုက် တင်ပြလာသော လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာများကို စုစည်း၍ ကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဆ) ရန်ပုံငွေများ ထုတ်ယူခြင်းနှင့် သုံးစွဲခြင်းတို့ကို ဆောင်ရွက်ရာ၌ ဘဏ္ဍာရေးစည်းမျဉ်းပါ သတ်မှတ်ချက်များနှင့်ညီညွတ်စေရန် ကြီးကြပ်ခြင်း၊

(ဇ) လုပ်ငန်းဆိုင်ရာအချက်အလက်များ၊ မှတ်တမ်းအထောက်အထားများကို စနစ်တကျထိန်းသိမ်း၍ စာရင်းဇယားများ ပြုစုခြင်း၊

(ဈ) လုပ်ငန်းတစ်ခုလျှင် ကျပ်သိန်းငါးဆယ် (၅,၀၀၀,၀၀၀/-) ထက်မပိုသော လုပ်ငန်းများကိုသာ ဆောင်ရွက်ခြင်း၊

(ည) လုပ်ငန်းများကို အဆိုပြုတင်ပြရာတွင် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားသည့်လုပ်ငန်း သို့မဟုတ် ခွင့်ပြုချက်ရရှိပြီးသည့်လုပ်ငန်း၊ ပြည်ထောင်စု၏ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေအရ ခွင့်ပြုထားသော စီမံကိန်းလုပ်ငန်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူဆောင်ရွက်သည့်လုပ်ငန်းများ မဖြစ်စေရန် စိစစ်ခြင်း၊

(ဋ) ဒေသခံပြည်သူများအတွက် အဓိကလိုအပ်ချက်ဖြစ်သော အောက်ပါလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခြင်း -

(၁) သောက်သုံးရေရရှိရေးလုပ်ငန်းများ၊

(၂) ကျေးလက်လမ်းများ၊ တံတားများ ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းများ၊

(၃) ပညာရေးဆိုင်ရာအဆောက်အအုံ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ၊

(၄) ကျန်းမာရေးဆိုင်ရာအဆောက်အအုံ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ၊

(၅) မြို့နယ်အတွင်း ပြည်သူလူထု၏ အမှန်တကယ်လိုအပ်ချက်ဖြစ်သော အခြားလုပ်ငန်းများ။

(ဋ) ရွေးချယ်ဆောင်ရွက်သောလုပ်ငန်းများသည် သက်ဆိုင်ရာနယ်မြေရှိ ပြည်သူများအတွက် အမှန်တကယ် ဆောင်ရွက်ပေးသင့်ပြီး ယင်းပြည်သူများကလည်း အမှန်တကယ်လက်ခံနိုင်သည့် လုပ်ငန်းများဖြစ်ခြင်း၊

(ဍ) လုပ်ငန်းများကို ရွေးချယ်အဆိုပြုရာ၌ ကုန်ကျစရိတ်မကြီးမြင့်ဘဲ ဒေသအတွက် အမှန်တကယ် အကျိုးရှိမည့်လုပ်ငန်းဖြစ်ရမည်ဆိုသည့်မူကို အလေးထားဆောင်ရွက်ခြင်း၊

(ဎ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ ကြိုတင်မမျှော်မှန်းနိုင်သော အခြားအကြောင်းများကြောင့် ဖြစ်စေ၊ မဖြစ်မနေလုပ်ဆောင်ရမည့် အထူးကိစ္စရပ်များအတွက်ဖြစ်စေ လိုအပ်သော လုပ်ငန်းများကို ကဏ္ဍအလိုက် ဦးစားပေးရွေးချယ်ပြီး အဆိုပြုတင်ပြခြင်း၊

(ဏ) အဆိုပြုတင်ပြချက်တွင် အောက်ပါအချက်များ ပြည့်စုံစွာထည့်သွင်းဖော်ပြခြင်း -

(၁) မြို့နယ်အမည်နှင့် အကောင်အထည်ဖော်မည့် ရပ်ကွက်၊ ကျေးရွာ၊ ကျေးရွာအုပ်စုအမည်၊

(၂) လုပ်ငန်းအမည်နှင့် အမျိုးအစား၊

(၃) လုပ်ငန်းရည်ရွယ်ချက်နှင့် ရည်မှန်းချက်များ၊

(၄) ရန်ပုံငွေလိုအပ်ချက်၊

(၅) ဒေသပေါက်ဈေးနှုန်းများနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်ချက်၊

(၆) ဆောင်ရွက်ရန် ကြာမြင့်မည့်အချိန်ကာလ၊

(၇) အခြားလိုအပ်သော အချက်အလက်များ။

(တ) လုပ်ငန်းဆောင်ရွက်သည့်နေရာသို့ အခါအားလျော်စွာ ကွင်းဆင်းကြီးကြပ်၍ ဖွံ့ဖြိုးရေးလုပ်ငန်း ပြီးစီးမှုကို စစ်ဆေးပြီး အစီရင်ခံစာကို အဖွဲ့၏အစည်းအဝေးဆုံးဖြတ်ချက်၊ အတည်ပြုချက်တို့နှင့် ပူးတွဲလျက် ပုံစံ (၃) ဖြင့် ကော်မတီသို့ ပေးပို့တင်ပြခြင်း၊

(ထ) မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ဒေသခံပြည်သူများ၏အင်အားနှင့် ပူးပေါင်းဆောင်ရွက်မှုကို ရယူပေါင်းစပ်သည့်နည်းလမ်းကို အလေးထားအသုံးပြုခြင်း၊

(ဒ) မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သည် ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုချင်း အလိုက် တာဝန်ခံဆောင်ရွက်သည့် လုပ်ငန်းဆောင်ရွက်မှုများကို ထင်သာမြင်သာရှိသော လုပ်ဆောင်မှုများဖြစ်စေရေးအတွက် ကြီးကြပ်ခြင်း၊ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် ထိရောက်စွာ သုံးစွဲနိုင်ရေးတို့အတွက် ကြပ်မတ်ခြင်း၊

(ဓ) မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ မြို့နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ သဘောထားပါ ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် သက်ဆိုင်ရာ ဒေသခံတိုင်းရင်းသားရေးရာ ဝန်ကြီးများကို ဖိတ်ကြား၍ အကြံဉာဏ်များ ရယူညှိနှိုင်းဆောင်ရွက်ခြင်း။

## အခန်း (၅)
## ငွေထုတ်ယူသုံးစွဲခြင်း

၈။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့သည် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီက တင်ပြလာသော လုပ်ငန်းပြီးစီးမှုအခြေအနေကို စစ်ဆေးပြီး ဆောင်ရွက်ပြီးစီးမှုအတိုင်းအတာအရ ဘဏ်ငွေစာရင်းမှ ငွေထုတ်ယူပေးချေရမည်။

၉။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့သည် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၏ တာဝန်ခံတင်ပြချက်အရ လိုအပ်သောငွေကို ကြိုတင်၍ စိစစ်ထုတ်ပေးနိုင်သည်။

၁၀။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့သည် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၏ လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံတင်ပြချက်နှင့် ငွေလက်ခံရရှိကြောင်း အထောက်အထားများကို မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၏ ထောက်ခံချက်ဖြင့် ရယူထားရှိရမည်။

## အခန်း (၆)
## လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာပေးပို့တင်ပြခြင်း

၁၁။ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသောလုပ်ငန်းများအတွက် ငွေပေးချေပြီးပါက မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သည် -

(က) လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာကို ပုံစံ (၃) ဖြင့် ပြုစု၍ ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီသို့ ပေးပို့ရမည်။

(ခ) အစီရင်ခံစာပြုစုရာတွင် လုပ်ငန်းအမျိုးအမည်၊ လုပ်ငန်းပမာဏ (အရွယ်အစား)၊ လုပ်ငန်းအကောင်အထည်ဖော်သည့်နည်းလမ်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အထောက်အထားဓာတ်ပုံမှတ်တမ်း၊ ခွင့်ပြုရန်ပုံငွေ၊ သုံးစွဲပြီးရန်ပုံငွေ၊ ငွေပေးချေပြီးစီးမှုပြေစာအထောက်အထားတို့နှင့်တကွ ပြည့်စုံစွာပူးတွဲဖော်ပြလျက် ကော်မတီသို့ ပေးပို့တင်ပြရမည်။

## အခန်း (၇)
## လုပ်ငန်းနှင့်စာရင်းစစ်ဆေးမှုခံယူခြင်း

၁၂။ ကော်မတီသည် လုပ်ငန်းနှင့်စာရင်းစစ်ဆေးရေးအဖွဲ့ကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၃။ လုပ်ငန်းနှင့်စာရင်းစစ်ဆေးရေးအဖွဲ့သည် အောက်ဖော်ပြပါ စစ်ဆေးရေးရည်မှန်းချက်များနှင့်အညီ စစ်ဆေးဆောင်ရွက်၍ အစီရင်ခံစာကို ကော်မတီသို့ တင်ပြရမည် -

(က) မူလကချမှတ်ခဲ့သော လုပ်ငန်း၏ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ခ) လုပ်ငန်းများကို ဆောင်ရွက်ရန် ဘဏ္ဍာငွေများ ထိန်းသိမ်းခွဲဝေသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဂ) သက်ဆိုင်ရာလုပ်ငန်းများကို စစ်ဆေးရာတွင် ထူးခြားသောအကြောင်းအရာတွေ့ရှိပါက ကော်မတီသို့ ဆောလျင်စွာတင်ပြခြင်း။

၁၄။ ကော်မတီသည် ရန်ပုံငွေသုံးစွဲမှုများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စစ်ဆေးနိုင်ရန် လိုအပ်သလို စီစဉ်ဆောင်ရွက်ရမည်။

## အခန်း (၈)
## အထွေထွေ

၁၅။ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် တာဝန်ရှိသူများသည် လုပ်ငန်းများဆောင်ရွက်ရာ၌ ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းတို့ကို တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၆။ လုပ်ငန်းများသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်တစ်နှစ်အတွက်သာလျှင် ခွင့်ပြုခြင်းဖြစ်သဖြင့် လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရမည်။ ခွင့်ပြုရန်ပုံငွေများကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်းသာ သုံးစွဲရမည်။

၁၇။ အရအသုံးခန့်မှန်းခြေငွေစာရင်း၏ လက်ရှိဘဏ္ဍာရေးနှစ်အတွက် ခွဲဝေချထားပေးသည့် ရန်ပုံငွေကို ဘဏ္ဍာရေးနှစ်ကျော်လွန်၍ ဆက်လက်သုံးစွဲခွင့်မရှိသဖြင့် ကော်မတီသည် ပိုလျှံငွေကျန်ရှိပါက ယင်းပိုလျှံငွေများကို ပြန်လည်အပ်နှံရန် ဆောင်ရွက်ရမည်။

၁၈။ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီသည် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဆောင်ရွက်ချက်မှတ်တမ်းနှင့် ရန်ပုံငွေသုံးစွဲမှုစာရင်းဇယားတို့ကို အများပြည်သူမြင်သာသောနေရာတွင် အမှတ်အသားဆိုင်းဘုတ်ဖြင့် ထုတ်ဖော်ပြသထားရမည်။ ယင်းကုန်ကျစရိတ်ကို သက်ဆိုင်ရာလုပ်ငန်း၏ ကုန်ကျစရိတ်စာရင်းတွင် ထည့်သွင်း၍ ငွေထုတ်ပေးရမည်။

၁၉။ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီသည် ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုချင်းစီအလိုက် အမှန်သုံးစွဲရသော အထွေထွေကုန်ကျစရိတ်ကို သက်ဆိုင်ရာလုပ်ငန်းစုစုပေါင်းကုန်ကျစရိတ်၏ ၃ ရာခိုင်နှုန်းထက် မကျော်လွန်စေဘဲ ထည့်သွင်းတောင်းခံနိုင်သည်။

၂၀။ လွှတ်တော်ရုံး သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ရုံးသည် -

(က) ကော်မတီနှင့် ကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်သောအဖွဲ့များ၏ ကုန်ကျစရိတ်များကို ကျခံရမည်။

(ခ) ကော်မတီ၏ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၂၁။ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့က ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် ၈၂/၂၀၁၃ နှင့် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့က ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် ၈၃/၂၀၁၃ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပုံစံ (၁)

**မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့**

**________________ မြို့နယ်**

စာအမှတ်။ --------------------

ရက်စွဲ ။ --------------------

သို့

ဥက္ကဋ္ဌ
ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ
ပြည်ထောင်စုလွှတ်တော်
နေပြည်တော်

အကြောင်းအရာ။ **ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်နှင့် ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲခွင့်ပြုနိုင်ပါရန် တင်ပြခြင်း**

ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၇ (က) အရ ------------------- မြို့နယ်၊ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန် ရန်ပုံငွေများကို သုံးစွဲလိုပါသဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ခွင့်နှင့် ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲခွင့်တို့အတွက် ခွင့်ပြုမိန့်ထုတ်ပေးနိုင်ပါရန် အောက်ပါအချက်များကို ဖော်ပြလျက် တင်ပြအပ်ပါသည် -

(၁) **လုပ်ငန်းအမည်။** --------------------------------

(၂) **လုပ်ငန်း၏ရည်မှန်းချက်နှင့် ရည်ရွယ်ချက်များ။** --------------------------------

(၃) **ဆောင်ရွက်မည့်နယ်မြေ**

(က) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်။** --------------------------------

(ခ) **မဲဆန္ဒနယ်မြေ (မြို့နယ်)။** --------------------------------

(ဂ) **နေရာဒေသ။** --------------------------------

(၄) **လုပ်ငန်း (လမ်း/တံတား/အခြား ဖြစ်ပါက)**

(က) **အမျိုးအမည်။** --------------------------------

(ခ) **အရွယ်အစား။** --------------------------------

(ဂ) **ပုံသဏ္ဌာန် (Drawing)။** ပူးတွဲပါအတိုင်း

(ဃ) **တွက်ချက်မှု (BQ)။** ပူးတွဲပါအတိုင်း

(င) **ဆောင်ရွက်မည့်နည်းလမ်း။** --------------------------------

(စ) **တည်ဆောက်ရေးကာလ။** --------------------------------

(ဆ) **ရန်ပုံငွေလိုအပ်ချက်။** ---------------------------------

(ဇ) **ဒေသပေါက်ဈေးနှုန်းများနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ချက်။** ---------------------------------

(၅) **ဖွံ့ဖြိုးရေးလုပ်ငန်း (ငွေကြေးပံ့ပိုးမှုနှင့်အခြားကိစ္စဖြစ်ပါက)**

(က) **သုံးစွဲမည့်အကြောင်းအရာ** ---------------------------------

(ခ) **ရန်ပုံငွေသုံးစွဲမည့် အဖွဲ့အစည်း/ပုဂ္ဂိုလ်** ---------------------------------

(ဂ) **ကုန်ကျမှုတွက်ချက်ဇယား** ပူးတွဲပါအတိုင်း

(ဃ) **ရန်ပုံငွေလိုအပ်ချက်** ---------------------------------

(င) **ဒေသပေါက်ဈေးများနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ချက်** ---------------------------------

ဦး/ဒေါ် -----------------

ဥက္ကဋ္ဌ

မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့၊

ဇေယျာသီရိမြို့နယ်လွှတ်တော်ကိုယ်စားလှယ်၊

ဇေယျာသီရိမြို့နယ်မဲဆန္ဒနယ်မြေ

မိတ္တူကို

------------------- လွှတ်တော်ကော်မတီသို့ သိရှိနိုင်ပါရန်နှင့် လိုအပ်သလို ဆောင်ရွက်နိုင်ပါရန် ပေးပို့ပါသည်။

**မှတ်ချက်။** **ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းနှင့် ရန်ပုံငွေ သုံးစွဲခွင့်တောင်းခံခြင်းအဆိုပြုတင်ပြချက်၊ လုပ်ထုံးလုပ်နည်းအပိုဒ် ၇၊ အပိုဒ်ခွဲ (က) အရ ဖြစ်ပါသည်။**

ပုံစံ (၂)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**လွှတ်တော်ရုံး**

**ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ**

၂၀----ခုနှစ်၊ -----------လ၊ -----ရက်

သို့

ဥက္ကဋ္ဌ
မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့
-----------------မြို့နယ်

ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီသည် ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၅၊ အပိုဒ်ခွဲ (ဈ) အရ ဤခွင့်ပြုချက်ကို ထုတ်ပေးလိုက်သည် -

(က) **ခွင့်ပြုမိန့်အမှတ်။** ------------------------------
(ခ) **လုပ်ငန်းအမည်။** ------------------------------
(ဂ) **မြို့နယ်အမည်။** ------------------------------
(ဃ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်။** ------------------------------
(င) **ဖွံ့ဖြိုးရေးလုပ်ငန်းအမျိုးအစား။** ------------------------------
(စ) **တည်ဆောက်ရေးကာလ။** ------------------------------
(ဆ) **ဆောင်ရွက်မည့်အဖွဲ့အစည်း/ပုဂ္ဂိုလ်။** ------------------------------
(ဇ) **သုံးစွဲမည့်ဖွံ့ဖြိုးရေးရန်ပုံငွေ။** ------------------------------

ဥက္ကဋ္ဌ
ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ
ပြည်ထောင်စုလွှတ်တော်

မိတ္တူကို

____________________ လွှတ်တော်ကော်မတီသို့ သိရှိနိုင်ပါရန်နှင့် လိုအပ်သလို ဆောင်ရွက်နိုင်ပါရန် ပေးပို့ပါသည်။

**မှတ်ချက်။** **ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းဆောင်ရွက်ခွင့်နှင့် ရန်ပုံငွေခွင့်ပြုချက်၊ လုပ်ထုံးလုပ်နည်းအပိုဒ် ၅၊ အပိုဒ်ခွဲ (ဈ) အရ ဖြစ်ပါသည်။**

ပုံစံ (၃)

**မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့**

**မဲဆန္ဒနယ်မြေ**

စာအမှတ်။ --------------------

ရက်စွဲ ။ --------------------

သို့

ဥက္ကဋ္ဌ

ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ

ပြည်ထောင်စုလွှတ်တော်

နေပြည်တော်

အကြောင်းအရာ။ **ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ (၁) ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၃)၊ လုပ်ထုံးလုပ်နည်းအပိုဒ် (၁၃) အပိုဒ်ခွဲ (က)၊ (ခ)

(၂) ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ၏ --------------------------ရက်စွဲပါ စာအမှတ်

ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းအပိုဒ် ၇၊ အပိုဒ်ခွဲ (က) အရ အထက်ရည်ညွှန်းစာ (၂) ဖြင့် ခွင့်ပြုပေးခဲ့သော ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွင်း --------မြို့နယ်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ( ) မျိုးအား အမိန့်ကြော်ငြာစာ (၈၄/၂၀၁၃) ပါ လုပ်ထုံးလုပ်နည်းအပိုဒ် (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၅)၊ (၁၉) တို့နှင့်အညီ ၂၀၁၃ ခုနှစ်၊ ---------လ ( ) ရက်နေ့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ------------------လ ( ) ရက်နေ့တွင် ရာခိုင်နှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါသဖြင့် လုပ်ငန်းတစ်ခုချင်းအလိုက် ခွင့်ပြုရန်ပုံငွေ၊ သုံးစွဲကုန်ကျသည့် ကုန်ကျငွေစာရင်း (အသေးသုံးစရိတ် ၃ ရာခိုင်နှုန်း အပါအဝင်)၊ ငွေပေးချေပြီးစီးမှုပြေစာ၊ လုပ်ငန်းပြီးစီးမှုနှင့် ပြီးစီးမှုမှတ်တမ်းဓာတ်ပုံအထောက်အထား၊ ပြီးစီးကြောင်း ရပ်ကွက်/ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့၏ လုပ်ငန်းပြီးစီးမှုအတည်ပြုထောက်ခံချက်များနှင့်တကွ အောက်ပါအတိုင်း ပေးပို့အစီရင်ခံတင်ပြအပ်ပါသည် -

(၁) **ခွင့်ပြုသည့်လုပ်ငန်းအမည်။** ရေရရှိရေးလုပ်ငန်း ( ) ခု၊ ကျေးလက်/လမ်းတံတားလုပ်ငန်း ( ) ခု၊ ပညာရေးဆိုင်ရာအဆောက်အဦများနှင့်ဆိုင်သောလုပ်ငန်း ( ) ခု၊ ကျန်းမာရေးဆိုင်ရာအဆောက်အဦများနှင့်ဆိုင်သောလုပ်ငန်း ( ) ခု၊ ကျေးရွာလူထုအတွက် အမှန်တကယ် လိုအပ်သောလုပ်ငန်း ( ) ခု။ [လုပ်ငန်းအမျိုးအမည်နှင့် ပြီးစီးမှုအစီရင်ခံစာ အသေးစိတ်အချက်အလက်များအား ပူးတွဲ (က) ဖြင့် ဖော်ပြထားပါသည်။]

| | |
|---|---|
| (၂) **အရွယ်အစား။** | ပူးတွဲ (က) ဖြင့် ဖော်ပြအပ်ပါသည်။ |
| (၃) **ဆောင်ရွက်သည့်ဒေသ။** | ပူးတွဲ (က) ဖြင့် ဖော်ပြအပ်ပါသည်။ |
| (၄) **ခွင့်ပြုသည့်ရန်ပုံငွေ။** | ကျပ် (၁၀၀၀) သိန်း။ |
| (၅) **သုံးစွဲပြီးရန်ပုံငွေ။** | ပူးတွဲ (က) ဖြင့် ဖော်ပြအပ်ပါသည်။ |
| (၆) **လုပ်ငန်းပြီးစီးမှုဖော်ပြချက်။** | မြို့နယ်၏ဖွံ့ဖြိုးရေးလုပ်ငန်း ( ) မျိုးအား ( ) ရက်နေ့တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ( ) ရက်နေ့တွင် ရာခိုင်နှုန်းပြည့်ပြီးစီးခဲ့ပြီး ဖြစ်သဖြင့် လုပ်ငန်းတစ်ခုချင်းအလိုက် ခွင့်ပြုရန်ပုံငွေ၊ သုံးစွဲကုန်ကျသည့် ကုန်ကျငွေစာရင်း (အသေးသုံးစရိတ် ၃ ရာခိုင်နှုန်း အပါအဝင်)၊ ငွေပေးချေ/လက်ခံရရှိမှုပြေစာများ၊ လုပ်ငန်းပြီးစီးမှုနှင့် ပြီးစီးမှုမှတ်တမ်းဓာတ်ပုံအထောက်အထား၊ ပြီးစီးကြောင်းထောက်ခံချက်များအား ပူးတွဲ (က) ၏ နောက်ဆက်တွဲ (က)၊ (ခ)၊ (ဂ) တို့ဖြင့် ပူးတွဲတင်ပြ အစီရင်ခံအပ်ပါသည်။ |

**ပူးတွဲ (က) ပါ လုပ်ငန်းပြီးစီးရေးဖော်ပြချက်ဇယား**

**နောက်ဆက်တွဲ (က)၊ လုပ်ငန်းပြီးစီးမှုမှတ်တမ်းဓာတ်ပုံများ**

**နောက်ဆက်တွဲ ( ခ )၊ ငွေပေးချေ/လက်ခံရရှိမှုပြေစာများ**

**ပူးတွဲ ( ခ ) ပါ အစည်းအဝေးမှတ်တမ်း**

**ပူးတွဲ ( ဂ ) ပါ လုပ်ငန်းအပ်နှံမှုစာချုပ်များ**

ဥက္ကဋ္ဌ
မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
---------------မဲဆန္ဒနယ်မြေ

မိတ္တူကို

ပြည်သူ့ငွေစာရင်းပူးပေါင်းမှုကော်မတီ
စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီ

မှတ်ချက်။ **ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၊ လုပ်ထုံးလုပ်နည်းအပိုဒ် ၁၃၊ အပိုဒ်ခွဲ (က)၊ (ခ) တို့အရ ဖြစ်ပါသည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်

## ကြေညာချက်အမှတ် (၄/၂၀၁၃)

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် )

### ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက် (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်) တနင်္လာနေ့ ၁၃း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## ကြေညာချက်အမှတ် (၃/၂၀၁၃)

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် )

### ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၅ တို့အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက် (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်) တနင်္လာနေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**ကြေညာချက်အမှတ် (၃/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် )

**ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၅ တို့အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက် (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်) တနင်္လာနေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် )

**နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် အဖွဲ့ဝင် တိုးချဲ့ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်၌ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၂၊ ဥပဒေပုဒ်မ ၃၃ နှင့် ယင်းနည်းဥပဒေများ ၈၁၊ ၈၂ တို့အရ ဖွဲ့စည်းထားသော အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် အောက်ပါပုဂ္ဂိုလ်များအား ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ဒေါက်တာထွန်းနိုင် | ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)<br>မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း<br>အဖွဲ့ဝင်<br>မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ | အဖွဲ့ဝင် |
| (၂) | ဒေါက်တာနီလာသိန်း | ပါမောက္ခချုပ် (ငြိမ်း)<br>ရန်ကုန်ကွန်ပျူတာတက္ကသိုလ်<br>Consultant, Carolina Group Co., Ltd | အဖွဲ့ဝင် |

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၃၆/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် )

**ကချင်ပြည်နယ်ဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

အမှတ် (၃၈၆)၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **ကချင်ပြည်နယ်ဒီမိုကရေစီပါတီ**အား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ကချင်ပြည်နယ်ဒီမိုကရေစီပါတီ**၏ မှတ်ပုံတင်အမှတ်မှာ **( ၆၇ )** ဖြစ်ပါသည်။

အမိန့်အရ

မြင့်နိုင်
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၃၇/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက် )

**ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

အမှတ် (၃၂၇)၊ ဒူကထောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီ**အား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ **( ၆၈ )** ဖြစ်ပါသည်။

အမိန့်အရ

မြင့်နိုင်
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက် )

**ဦးစီးအရာရှိရာထူး ခန့်ထားခြင်း**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၃ ခုနှစ်၊ မေလ ၉ ရက်နေ့စွဲပါ စာအမှတ်၊ ၇၇၉/၁၁/ရခ-၁/၂၀၁၃ နှင့် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့စွဲပါ စာအမှတ်၊ ၁၂၉၄/၁၅/ရခ-၁/၂၀၁၃ အရ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်သည့် အရာထမ်းလောင်းအခြေခံသင်တန်းအမှတ်စဉ် (၁၃) ၌ တက်ရောက်လေ့ကျင့်စေခဲ့ပြီးနောက် လွှဲပြောင်းပေးခဲ့သော အောက်ဖော်ပြပါ ပြင်ပပုဂ္ဂိုလ် (၂) ဦးတို့အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ဥက္ကဋ္ဌရုံးတွင် လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာများ၌ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် |
|---|---|---|
| (၁) | ဒေါ်နယ်လီစန်း | ၁၂/လကန (နိုင်) ၁၆၁၇၀၁ |
| (၂) | ဦးသုတဦး | ၁၂/စခန (နိုင်) ၀၆၈၅၄၇ |

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၃၈/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက် )

**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)**

**LISU NATIONAL DEVELOPMENT PARTY (L.N.D.P) အား**

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

အမှတ် (၁၅၈၇)၊ ရမ်ပူရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) LISU NATIONAL DEVELOPMENT**

**PARTY (L.N.D.P)** အား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) LISU NATIONAL DEVELOPMENT PARTY (L.N.D.P)** ၏ မှတ်ပုံတင်အမှတ်မှာ **( ၆၉ )** ဖြစ်ပါသည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၉/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက် )

### ထားဝယ်တိုင်းရင်းသားများပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

အမှတ် (၈၇)၊ အလယ်လမ်း၊ ခုံဝင်းဒပ်ရပ်၊ ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ပါတီရုံးချုပ် (ယာယီ) ဖွင့်လှစ်ထားရှိသော **ထားဝယ်တိုင်းရင်းသားများပါတီ**အား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ထားဝယ်တိုင်းရင်းသားများပါတီ**၏ မှတ်ပုံတင်အမှတ်မှာ **( ၇၀ )** ဖြစ်ပါသည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် )

အမှတ် ၈၂။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းမှ အောက်ဖော်ပြပါ အမှုထမ်း (၇) ဦးတို့အား ယင်းတို့နှင့်ယှဉ်တွဲပါ ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားခွင့်ပြုသည့် ရာထူး/လစာနှုန်း |
|---|---|---|---|
| (က) | ဒေါ်အေးအေးခိုင် | ကြီးကြပ်ရေးမှူး<br>(၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀)<br>နေပြည်တော်သတင်းစာတိုက် | လက်ထောက်မန်နေဂျာ (စီမံ)<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>ရုံးချုပ် (စီမံ) |
| (ခ) | ဦးဇော်မျိုးသူ | ကြီးကြပ်ရေးမှူး<br>(၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀)<br>မန္တလေးကိုယ်ပွား | လက်ထောက်မန်နေဂျာ (ပုံနှိပ်)<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>မန္တလေးကိုယ်ပွား |
| (ဂ) | ဒေါ်မိုးသူဇာစိုး | ကြီးကြပ်ရေးမှူး<br>(၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀)<br>ရုံးချုပ် | စာတည်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>သတင်းစဉ် (ပြည်တွင်း) |
| (ဃ) | ဒေါ်ခင်စောကြည် | စာပေလက်ထောက် (၁)<br>(၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀)<br>မြန်မာ့အလင်း | သုတေသနအရာရှိ<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>မြန်မာ့အလင်း |
| (င) | ဒေါ်တင်မာဝင်း | စာပေလက်ထောက် (၁)<br>(၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀)<br>ရုံးချုပ် | လက်ထောက်မန်နေဂျာ (မှတ်တမ်း)<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>ရုံးချုပ် (သတင်း) |
| (စ) | ဒေါ်မြင့်မြင့်ချို | စာပေလက်ထောက် (၁)<br>(၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀)<br>ကြေးမုံ | ဌာနခွဲမှူး (သတင်း)<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>ရုံးချုပ် (သတင်း) |
| (ဆ) | ဒေါ်စန္ဒာသန်း | စာရင်းကိုင် (၁)<br>(၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀)<br>ကြေးမုံ | လက်ထောက်မန်နေဂျာ (ကြော်ငြာ)<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>မြန်မာ့အလင်းပုံနှိပ်တိုက် |

ဦးအောင်ကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စွမ်းအင်ဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၁၀၀/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် )

စွမ်းအင်ဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၄ နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ ရေနံထွက်ပစ္စည်းတင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်အလို့ငှာ ဤအမိန့်ကို ထုတ်ပြန်လိုက်သည် -

## အခန်း (၁)
## အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤအမိန့်တွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ရေနံထွက်ပစ္စည်း**ဆိုသည်မှာ မီးလောင်လွယ်သည့် ဟိုက်ဒရိုကာဗွန်ပါဝင်သော ဒြပ်ပေါင်းများဖြစ်သည့် အရည်၊ အရည်ပျစ်နှင့် အစိုင်အခဲများ၊ အငွေ့နှင့် အငွေ့ရည်တို့ကို ဆိုသည်။

(ခ) **ကော်မတီ**ဆိုသည်မှာ စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၈/၂၀၁၁ အရ ဖွဲ့စည်းထားသည့် ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင် သယ်ယူဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဂ) **ဆပ်ကော်မတီ**ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ဖွဲ့စည်းထားသည့် ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင် သယ်ယူဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီကို ဆိုသည်။

(ဃ) **လိုင်စင်**ဆိုသည်မှာ ရေနံထွက်ပစ္စည်းတင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဌာနများမှ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(င) **တင်သွင်းခြင်း**ဆိုသည်မှာ ရေနံထွက်ပစ္စည်းကို မြန်မာနိုင်ငံနယ်နိမိတ်အတွင်းသို့ ရေကြောင်းဖြင့်ဖြစ်စေ၊ လေကြောင်းဖြင့်ဖြစ်စေ၊ ကုန်းလမ်းခရီးဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းတစ်ခုခုဖြင့်ဖြစ်စေ ပြည်ပမှ တင်သွင်းခြင်းကို ဆိုသည်။

(စ) **သိုလှောင်ခြင်း**ဆိုသည်မှာ ရေနံထွက်ပစ္စည်းကို နေရာတစ်ခုခုတွင်ဖြစ်စေ၊ အဆောက်အအုံတစ်ခုခုတွင်ဖြစ်စေ သိမ်းဆည်းထားသိုခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေနံထွက်ပစ္စည်းကို သယ်ယူပို့ဆောင်နေသည့်ကာလ မပါဝင်။

(ဆ) **သယ်ယူခြင်း**ဆိုသည်မှာ ရေနံထွက်ပစ္စည်းကို မြန်မာနိုင်ငံအတွင်း တစ်နေရာမှ အခြားတစ်နေရာသို့ ဖြည့်တင်းသယ်ယူတင်ချခြင်းကို ဆိုသည်။

(ဇ) **ဖြန့်ဖြူးရောင်းချခြင်း**ဆိုသည်မှာ ရေနံထွက်ပစ္စည်းများ ဖြန့်ဖြူးရောင်းချခြင်းကို ဆိုသည်။

## အခန်း (၂)
## တင်သွင်းခြင်း

၂။ ရေနံထွက်ပစ္စည်းကို ပြည်ပမှ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလိုသူသည် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တင်သွင်းခွင့်လိုင်စင် လျှောက်ထားရယူရမည်။

၃။ ရေနံထွက်ပစ္စည်းကို သတ်မှတ်ထားသည့် ဆိပ်ကမ်း၊ လေဆိပ်နှင့်နယ်စပ်တို့မှ တင်သွင်းရာတွင် ဆိပ်ကမ်းအာဏာပိုင်၊ အကောက်ခွန်ဦးစီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများက သတ်မှတ်သော စည်းမျဉ်းနှင့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ ရေနံထွက်ပစ္စည်းကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ထားသည့် ထုပ်ပိုးခွံများ၊ ယာဉ် သို့မဟုတ် တွဲများဖြင့် တင်သွင်းရမည်။

၅။ တင်သွင်းခွင့်လိုင်စင်ရရှိသူသည် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စွမ်းအင်ဝန်ကြီးဌာနက သတ်မှတ်ထားသော အရည်အသွေးပြည့်မီသည့် ရေနံထွက်ပစ္စည်းကိုသာ တင်သွင်းရမည်။

၆။ ရေနံထွက်ပစ္စည်း သယ်ယူလာသည့်ရေယာဉ် (Carrier) မှ ရေနံထွက်ပစ္စည်းကို ဆိပ်ကမ်းတွင် လက်ခံရယူခြင်း၊ အခြားရေယာဉ် (Carrier) တစ်စီးသို့ ရွှေ့ပြောင်းလက်ခံချယူခြင်းများကို သက်ဆိုင်ရာ ဆိပ်ကမ်းအာဏာပိုင်၏ခွင့်ပြုချက် ရယူဆောင်ရွက်ရမည်။

၇။ ရေနံထွက်ပစ္စည်းကို သယ်ယူလာသည့်ရေယာဉ် (Carrier) အလိုက် သတ်မှတ်ထားသည့် Intertanko's Standard Tanker Chartering Questionarie 88 (Q-88) Version-3 ပုံစံကို သက်ဆိုင်ရာဆိပ်ကမ်းဌာနနှင့် သိုလှောင်ဌာနများသို့ ကြိုတင်ပေးပို့ စစ်ဆေးအတည်ပြုချက် ရယူရမည်။

၈။ တင်သွင်းခြင်းပြုသည့် ရေနံထွက်ပစ္စည်းအမျိုးအစားနမူနာကို နိုင်ငံတော်သမ္မတက အခွင့်အာဏာ အပ်နှင်းထားသည့်အရာရှိက စမ်းသပ်စစ်ဆေးပြီး သတ်မှတ်ထားသော အရည်အသွေးပြည့်မီကြောင်း အသိအမှတ်ပြုသက်သေခံလက်မှတ် (Lab Certificate) ပါရှိရမည်။

၉။ တင်သွင်းလာသည့် ရေနံထွက်ပစ္စည်းအမျိုးအစား၏ အရည်အသွေးနှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီး ဌာနအနေဖြင့် လိုအပ်ပါက နမူနာရယူစမ်းသပ်စစ်ဆေးနိုင်သည်။

## အခန်း (၃)
## သိုလှောင်ခြင်း

၁၀။ ရေနံထွက်ပစ္စည်းသိုလှောင်လိုသူသည် သိုလှောင်မည့် မြေအောက်သိုလှောင်ကန်၊ မြေပေါ် သိုလှောင်ကန်နှင့် သိုလှောင်ရုံများကို သတ်မှတ်စံချိန်စံညွှန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ တည်ဆောက်၍ သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၏ သိုလှောင်ခွင့်လိုင်စင် လျှောက်ထားရယူရမည်။

၁၁။ ရေနံထွက်ပစ္စည်းသိုလှောင်သူသည် သိုလှောင်ခွင့်လိုင်စင်ပါ စည်းကမ်းချက်များအား တိကျစွာ လိုက်နာရမည်။

## အခန်း (၄)
## သယ်ယူခြင်း

၁၂။ ရေနံထွက်ပစ္စည်းသယ်ယူသည့် ဆီသယ်ယာဉ် (Bowser)၊ ဆီတွဲ (Oil Barge)၊ ဆီတင်ရေယာဉ် (Tanker) နှင့် ဝမ်းလောင်းဆီတင်ရထားတွဲ (Tank Wagon) များသည် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင် ထားသော သက်တမ်းရှိယာဉ် သို့မဟုတ် တွဲများ ဖြစ်ရမည်။

၁၃။ ဆီသယ်ယာဉ် (Bowser)၊ ဆီတွဲ (Oil Barge)၊ ဆီတင်ရေယာဉ် (Tanker)၊ ဝမ်းလောင်းဆီတင် ရထားတွဲ (Tank Wagon) များသည် ရေနံထွက်ပစ္စည်းကို သယ်ယူရာတွင် သတ်မှတ်ပမာဏထက်ပို၍ သယ်ယူခြင်းမပြုရ။

၁၄။ ရေနံထွက်ပစ္စည်းသယ်ယူသည့်ယာဉ် သို့မဟုတ် တွဲပိုင်ရှင်သည် ရေနံထွက်ပစ္စည်းသယ်ယူမှုနှင့် စပ်လျဉ်း၍ လူတစ်ဦးဦးကို အလုပ်ခန့်ထားလျှင် အလုပ်ခန့်ထားခြင်းခံရသူမှ လုပ်ထုံးလုပ်နည်းများကို သိရှိ လိုက်နာဆောင်ရွက်စေရေးအတွက် ယာဉ် သို့မဟုတ် တွဲပိုင်ရှင်က တာဝန်ယူရမည်။

၁၅။ ရေနံထွက်ပစ္စည်းသယ်ယူရာတွင် ယိုစိမ့်စီးထွက်မှု၊ မီးလောင်မှု၊ ပေါက်ကွဲမှု စသော မလိုလား အပ်သည့် ဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာဥပဒေအရ သတ်မှတ်ထားသော စည်းမျဉ်းနှင့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၅)

## ဖြန့်ဖြူးရောင်းချခြင်း

၁၆။ ရေနံထွက်ပစ္စည်းအရောင်းဆိုင်နှင့် သိုလှောင်ကန်စခန်းများမှ ရေနံထွက်ပစ္စည်းဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ရရှိရန်အတွက် စွမ်းအင်ဝန်ကြီးဌာနသို့ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လျှောက်ထား ရယူရမည်။

၁၇။ အပိုဒ် ၁၆ အရ လုပ်ငန်းဆောင်ရွက်သူသည် ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ပါ စည်းကမ်းချက်များကို တိကျစွာလိုက်နာရမည်။

## အခန်း (၆)

## အထွေထွေ

၁၈။ ကော်မတီသည် ဤအမိန့်ပါ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို မထိခိုက် စေဘဲ မိမိ၏လုပ်ငန်းတာဝန်များကို မိမိကိုယ်တိုင်ဖြစ်စေ၊ ဆပ်ကော်မတီအား တာဝန်ပေးအပ်၍ဖြစ်စေ ဆောင်ရွက်နိုင်သည်။

၁၉။ ဤအမိန့်ပါ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ဖောက်ဖျက်ကျူးလွန်လျှင် ဖြစ်စေ အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်ရမည်။

၂၀။ ဤအမိန့်ပါ လုပ်ငန်းရပ်များအတွက် လိုင်စင်လျှောက်ထားရာတွင်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက် ရာတွင်လည်းကောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အခြားသက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့် စသည်တို့ကို လိုက်နာဆောင်ရွက်ရမည်။

၂၁။ ရေနံထွက်ပစ္စည်း တင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းအဆင့်တိုင်း၌ လိုအပ်သည့် စာရင်းဇယားများ၊ မှတ်တမ်းများ၊ ပြေစာများ ပြည့်စုံစွာ စနစ်တကျပြုစုထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး သက်ဆိုင်ရာလုပ်ငန်းဌာနများက လာရောက်စစ်ဆေးသည့်အခါ တင်ပြစစ်ဆေးခံရမည်။

၂၂။ ရေနံထွက်ပစ္စည်း တင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာသတ်မှတ်ချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

၂၃။ ရေနံထွက်ပစ္စည်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းမှ ဖြတ်သန်းသယ်ယူသူ မည်သူ မဆို စွမ်းအင်ဝန်ကြီးဌာန၏ခွင့်ပြုချက် ရယူရမည်။ ဖြတ်သန်းသယ်ယူခကို သတ်မှတ်နှုန်းထားများအတိုင်း နိုင်ငံတော်သို့ ပေးဆောင်ရမည်။

ဇေယျာအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စွမ်းအင်ဝန်ကြီးဌာန။

[ ယခင်အပတ် မွန်ပြည်နယ် ကျေးရွာထင်းစိုက်ခင်းဥပဒေ၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၇ မှအဆက် ]

၃၂။ (က) မြို့နယ်ကော်မတီက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ညွှန်ကြားရေးမှူးထံ အယူခံဝင်နိုင်သည်။

(ခ) ညွှန်ကြားရေးမှူးသည် ဝန်ကြီး၏အတည်ပြုချက်ဖြင့် မြို့နယ်ကော်မတီက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) ဝန်ကြီး၏အတည်ပြုချက်ဖြင့် ချမှတ်သော ညွှန်ကြားရေးမှူး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၈)
## တားမြစ်ချက်များ

၃၃။ မည်သူမျှ ချမှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိဘဲ ကျေးရွာထင်းစိုက်ခင်းအတွင်းရှိ သစ်ပင်များကို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖျက်ဆီးခြင်း၊ စိုက်ခင်းမြေကို တူးဆွခြင်းမပြုရ။

၃၄။ မည်သူမျှ ကျေးရွာထင်းစိုက်ခင်းအတွင်းသို့ ကျူးကျော်ဝင်ရောက်စိုက်ပျိုးခြင်း၊ ကျူးကျော်နေထိုင်ခြင်း မပြုရ။

၃၅။ မည်သူမျှ ကျေးရွာထင်းစိုက်ခင်းမှ ထွက်ရှိသော သစ်တောထွက်ပစ္စည်းကို ခိုးယူခြင်းမပြုရ။

၃၆။ မည်သူမျှ ကျေးရွာထင်းစိုက်ခင်း တည်ထောင်အသုံးပြုခွင့်မြေကို ခွင့်ပြုချက်မရှိဘဲ အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ အဆောက်အဦ ဆောက်လုပ်နေထိုင်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း မပြုလုပ်ရ။

## အခန်း (၉)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၇။ မည်သူမဆို ပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် (၁) လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၅၀၀၀ (ကျပ်ငါးထောင်) မှ အများဆုံး ကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်း) အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၃၈။ မည်သူမဆို ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် (၃) လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း) မှ အများဆုံးကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်း) အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၃၉။ မည်သူမဆို ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် (၆) လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်း) မှ အများဆုံးကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း) အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၀။ မည်သူမဆို ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် (၆) လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း) မှ အများဆုံးကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း) အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၁။ မည်သူမဆို ဤဥပဒေအရ သတ်မှတ်ထားသောပြစ်မှုကို ကျူးလွန်ရန် အားပေးကူညီလျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်များကို ချမှတ်ခြင်း ခံစေရမည်။

၄၂။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှား တွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -

(က) ကျေးရွာထင်းစိုက်ခင်းမှ ထွက်ရှိသော သစ်တောထွက်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသောပစ္စည်းများကို ကျေးရွာအုပ်စုကော်မတီသို့ လွှဲပြောင်းပေးရမည်၊

(ဂ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်းကိရိယာတန်ဆာ ပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်၊

(ဃ) ပြစ်မှုကျူးလွန်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ကျေးရွာအုပ်စုကော်မတီထံသို့ လျော်ကြေး ပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်၊

(င) လျော်ကြေးငွေသတ်မှတ်ရာတွင် ပြစ်မှုကျူးလွန်ခြင်းကြောင့် ပျက်စီးဆုံးရှုံးသောတန်ဖိုးကို အခြေခံပြီး သင့်လျော်သောလျော်ကြေးငွေကို သတ်မှတ်နိုင်သည်၊

(စ) ကျေးရွာထင်းစိုက်ခင်းမြေအတွင်း ကျူးကျော်ဆောက်လုပ်သည့် အဆောက်အဦကို ပြောင်းရွှေ့ ဖျက်သိမ်းစေရန် အမိန့်ချမှတ်နိုင်သည်။

၄၃။ တရားရုံးက ပုဒ်မ ၄၂၊ ပုဒ်မခွဲ (စ) အရ အမိန့်ချမှတ်သည့်အခါ မြို့နယ်ကော်မတီဥက္ကဋ္ဌသည် အဆိုပါအမိန့်အတိုင်း အဆောက်အဦကို ပြောင်းရွှေ့ဖျက်သိမ်းဆောင်ရွက်ခွင့်ရှိသည်။

၄၄။ တရားရုံးသည် ပုဒ်မ ၃၇၊ ပုဒ်မ ၃၉ အရ တပ်ရိုက်သည့် ငွေဒဏ်အားလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ ဆုံးရှုံးနစ်နာသည့် ကျေးရွာအုပ်စုကော်မတီထံသို့ နစ်နာကြေးအဖြစ် ထုတ်ပေးနိုင်သည်။

၄၅။ ဤဥပဒေအရ ကျူးလွန်သည့်ပြစ်မှုများအား ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

## အခန်း (၁၀)

## အထွေထွေ

၄၆။ ကျေးရွာအုပ်စုကော်မတီသည် ကျေးရွာထင်းစိုက်ခင်းမြေကို ကျေးရွာမြေအဖြစ် ပြောင်းလဲအသုံးပြုခွင့် ပြုရန် မြို့နယ်ကော်မတီမှတစ်ဆင့် ညွှန်ကြားရေးမှူးထံ လျှောက်ထားနိုင်သည်။

၄၇။ ကျေးရွာအုပ်စုကော်မတီသည် ကျေးရွာထင်းစိုက်ခင်းမြေကို စီးပွားရေး၊ လူမှုရေးလုပ်ငန်းအလို့ငှာ ထိုက်သင့်သောအဖိုးစားနားဖြင့် လွှဲပြောင်းခြင်းကို မြို့နယ်ကော်မတီမှတစ်ဆင့် ညွှန်ကြားရေးမှူးထံ တင်ပြ နိုင်သည်။

၄၈။ ညွှန်ကြားရေးမှူးသည် ဤဥပဒေပုဒ်မ ၄၆၊ ပုဒ်မ ၄၇ အရ လျှောက်ထားတင်ပြချက်ကို ဝန်ကြီးမှ တစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။ သစ်တောဌာနပိုင်မြေများရှိ ကျေးရွာ ထင်းစိုက်ခင်းမြေနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ခွင့်ပြုခြင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းရမည်။

၄၉။ ကော်မတီများသည် တူညီသောကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့် ရှိစေရမည်။

၅၀။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ကော်မတီဝင်များ သို့မဟုတ် သစ်တောဝန်ထမ်းများက ယင်းတို့၏ တာဝန်၊ ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် ကူညီပေးရမည်။

၅၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့်လုပ်ငန်းတာဝန်ဆောင်ရွက်သော ကော်မတီဝင်များ သို့မဟုတ် သစ်တောအရာရှိတို့အပေါ် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်း မရှိစေရ။

၅၂။ ဤဥပဒေအရ ဆောင်ရွက်သော အကြောင်းကိစ္စရပ်များကို ဤဥပဒေအရသာ အရေးယူဆောင်ရွက် ရမည်။

၅၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန် နိုင်သည်၊

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ညွှန်ကြားရေးမှူးက ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

အုန်းမြင့်၊
ဝန်ကြီးချုပ်၊
မွန်ပြည်နယ်အစိုးရအဖွဲ့။

**နောက်ဆက်တွဲ ပုံစံ (၁)**

သို့

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(ကျေးရွာထင်းစိုက်ခင်းကြီးကြပ်ရေးမြို့နယ်ကော်မတီဥက္ကဋ္ဌ)
-------------- မြို့

အကြောင်းအရာ။ **ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စ**

၁။ မွန်ပြည်နယ် ------------------ မြို့နယ် ----------------- ကျေးရွာအုပ်စု၊ --------------- ကျေးရွာထင်းစိုက်ခင်းကို ------------- ခုနှစ်တွင် တည်ထောင်ခွင့်ပြုပေးနိုင်ပါရန် ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်လျှောက်လွှာပုံစံနှင့်တကွ ပူးတွဲတင်ပြလျှောက်ထားအပ်ပါသည်။

၂။ ကျေးရွာထင်းစိုက်ခင်းအဖြစ် သတ်မှတ်တည်ထောင်ခွင့်ပြုပါက ---------------- ကျေးရွာအုပ်စု -------------------------- ကျေးရွာမှထင်းစိုက်ခင်း အသုံးပြုသူများအဖွဲ့သည် မွန်ပြည်နယ်ကျေးရွာ ထင်းစိုက်ခင်းဥပဒေပါလုပ်ငန်းတာဝန်များကို အစွမ်းကုန် စုပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် ဥပဒေပါ တားမြစ်ချက်များကို လိုက်နာမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

| | |
|---|---|
| ( ) | ( ) |
| အမည် | အမည် |
| ဥက္ကဋ္ဌ | ကျေးရွာအုပ်ချုပ်ရေးမှူး |
| ကျေးရွာထင်းစိုက်ခင်းကြီးကြပ်ရေး | ကျေးရွာအုပ်စု |
| ကျေးရွာကော်မတီ | ကျေးရွာကော်မတီ |
| -----------------ကျေးရွာ | -----------------ကျေးရွာ |
| မွန်ပြည်နယ် | မွန်ပြည်နယ် |

**နောက်ဆက်တွဲ ပုံစံ (၂)**

## ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခွင့်လျှောက်လွှာပုံစံ

(က) မြို့နယ် . . . . . . . . . . .

(ခ) ကျေးရွာ . . . . . . . . . .

(ဂ) သစ်တောနယ်မြေအမည် . . . . . . . . . . . . . . . . ကြိုးဝိုင်း
. . . . . . . . . . . . . . . . ကြိုးပြင်

(ဃ) အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေ . . . . . . . . . . . . . . . .
မြေတိုင်းကွင်းအမှတ်၊ မြေပုံညွှန်း

(င) မြေလွတ်မြေရိုင်း . . . . . . . . . . . . .
မြေတိုင်းကွင်းအမှတ်၊ မြေပုံညွှန်း

(စ) နယ်နိမိတ်
မြောက် . . . . . . . . . .
အရှေ့ . . . . . . . . . . . .
တောင် . . . . . . . . . .
အနောက် . . . . . . . . . .

(ဆ) ဧရိယာ . . . . . . . . . . ဧက

(ဇ) သစ်တောသစ်ပင်ပေါက်ရောက်မှုအခြေအနေ

(ဈ) မြေပိုင်ဆိုင်မှု

(ည) နယ်နိမိတ်ပတ်လည်တစ်လျှောက် G P S ဖြင့် တိုင်း၍ရသော Way Point များ၏ လတ္တီတွဒ်၊ လောင်ဂျီတွဒ်

| စဉ် | Way Point အမှတ် | လတ္တီတွဒ် | လောင်ဂျီတွဒ် | ပင်လယ်ရေအထက်အမြင့် |
|---|---|---|---|---|
| ၁ | | | | |
| ၂ | | | | |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |
| ၉ | | | | |
| ၁၀ | | | | |

(ဍ) ပြည်နယ်အစိုးရ စီမံခန့်ခွဲခွင့်ရှိသော မြေ/မြေလွတ်/မြေရိုင်း ဖြစ်ပါက သက်ဆိုင်ရာမြို့နယ် မြေစာရင်း ဦးစီးဌာနမှ မြေပုံနှင့် သဘောထားမှတ်ချက်

(ဎ) မြေပုံများ
တည်နေရာပြမြေပုံ
မြေတိုင်းမြေပုံ
မြေစာရင်းမြေပုံ

အမည်
ကျေးရွာအုပ်ချုပ်ရေးမှူး
. . . . . . . . . . . . . ကျေးရွာအုပ်စု
. . . . . . . . . . . . . မြို့နယ်
မွန်ပြည်နယ်

**နောက်ဆက်တွဲ ပုံစံ (၃)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန**
**ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခွင့်လက်မှတ်**

၁။ မွန်ပြည်နယ် အစိုးရအဖွဲ့ရုံးတွင် . . . . . . . . . . ရက်နေ့၌ ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်နှင့် မွန်ပြည်နယ်၊ ကျေးရွာထင်းစိုက်ခင်းဥပဒေပုဒ်မ ၉ အရ မွန်ပြည်နယ်၊ . . . . . . . . . . . ခရိုင်၊ . . . . . . . . . . . မြို့နယ်၊ . . . . . . . . . . . ကျေးရွာအုပ်စု၊ . . . . . . . . . . . ကျေးရွာအနီးတွင် . . . . . . . . . . ကျေးရွာထင်းစိုက်ခင်းအဖြစ် သတ်မှတ်ထူထောင်ခွင့်ပြုသည်။

၂။ အောက်ဖော်ပြပါ နေရာများရှိ ကျေးရွာထင်းစိုက်ခင်းကို စိုက်ပျိုးထိန်းသိမ်း ကြီးကြပ်ခြင်းအား . . . . . . . . . . မြို့နယ်ကော်မတီနှင့် . . . . . . . . . . ကျေးရွာအုပ်စုကော်မတီ၏ စီမံအုပ်ချုပ်မှုအောက်တွင် ထားရှိလိုက်သည် -

(က) ကျေးရွာထင်းစိုက်ခင်း၏ အမည်နှင့်တည်နေရာ၊

(ခ) ကျေးရွာထင်းစိုက်ခင်း နယ်နိမိတ်ရှိ သိသာထင်ရှားသော အမှတ်အသားများ၏ လတ္တီတွဒ်၊ လောင်ဂျီတွဒ် (မြေပုံညွှန်း အမှတ်များ)၊

(ဂ) ဧရိယာ။

၃။ ကျေးရွာထင်းစိုက်ခင်းများ စီမံအုပ်ချုပ်ခြင်း၊ စိုက်ပျိုးခြင်း၊ ခုတ်ယူထုတ်လုပ်ခြင်း၊ ပြန်လည်စိုက်ပျိုးခြင်း စီမံချက်ရေးဆွဲဆောင်ရွက်ရန်အတွက် ကျေးရွာအုပ်စုကော်မတီသို့ ဤတည်ထောင်ခွင့်လက်မှတ်ကို ထုတ်ပေးခြင်းဖြစ်သည်။

၄။ ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခွင့်ပြုသည့်မြေကို ခွင့်ပြုချက်မရှိဘဲ အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ အဆောက်အဦဆောက်လုပ်နေထိုင်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်းမပြုလုပ်ရန် ကျေးရွာထင်းစိုက်ခင်း ဥပဒေပုဒ်မ ၃၆ အရ တားမြစ်လိုက်သည်။

ညွှန်ကြားရေးမှူး
ပြည်နယ်သစ်တောဦးစီးဌာန၊ မွန်ပြည်နယ်

**နောက်ဆက်တွဲ ပုံစံ (၄)**

**ကျေးရွာအုပ်စုထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီ**

**-------------မြို့နယ်၊ ----------ကျေးရွာအုပ်စု**

(------------ခုနှစ်-----------လ-------------------ရက်)

## "ကျေးရွာထင်းစိုက်ခင်း အသုံးပြုသူများ အဖွဲ့ဝင် အသိအမှတ်ပြုလွှာ"

------------------- ကျေးရွာအုပ်စု၊ -------------- ကျေးရွာနေ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် -------------------------- ကိုင်ဆောင်သူ ဦး/ဒေါ် ------------------------------- အား ကျေးရွာအုပ်စုထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီမှ ကျေးရွာထင်းစိုက်ခင်းအသုံးပြုသူများအဖွဲ့၏ အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုလိုက်သည်။

တံဆိပ်

ဥက္ကဋ္ဌ
ကျေးရွာအုပ်စုထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီ
----------------------- ကျေးရွာအုပ်စု

**နောက်ဆက်တွဲ ပုံစံ (၅)**

# အစည်းအဝေးမှတ်တမ်းပုံစံ

(-----------)ရက်နေ့ (      ) အချိန်၊ -----------------၊ ကျေးရွာအုပ်စုထင်းစိုက်ခင်းကြီးကြပ်ရေး ကော်မတီအစည်းအဝေးမှတ်တမ်း

အစည်းအဝေးတက်ရောက်သူများ

(က) ဦး/ဒေါ် --------------    ဥက္ကဋ္ဌ

(ခ) ဦး/ဒေါ် --------------    အဖွဲ့ဝင်

(ဂ) ဦး/ဒေါ် --------------    အတွင်းရေးမှူး

(ဃ) ဦး/ဒေါ် --------------    အသုံးပြုသူများအဖွဲ့ ဥက္ကဋ္ဌ

(င) ဦး/ဒေါ် --------------    အသုံးပြုသူများအဖွဲ့ အတွင်းရေးမှူး

(စ) ဦး/ဒေါ် --------------    အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်

(ဆ) ဦး/ဒေါ် --------------    ရပ်မိ/ရပ်ဖ။

မတက်ရောက်နိုင်သူများ

(က) ဦး/ဒေါ်    (မကျန်းမာ)

(ခ) ဦး/ဒေါ်    (တာဝန်)

၁။ ရည်ရွယ်ချက်

-----------------------------------------------------------------------------------

----------------------------------။

၂။ ကော်မတီဥက္ကဋ္ဌမှဆွေးနွေးခြင်း

-----------------------------------------------------------------------------------

-----------------------------------------------------------------------------------

-----------------။

၃။ တက်ရောက်သူများမှဆွေးနွေးခြင်း

-----------------------------------------------------------------------------------

-----------------------------------------------------------------------------------

----------------------------------။

၄။ ညှိနှိုင်းဆုံးဖြတ်ချက်များချမှတ်ခြင်း

(က) ------------------------------------------
--------------------------------ရန်။

(ခ) ------------------------------------------
--------------------------------ရန်။

(ဂ) ------------------------------------------
--------------------------------ရန်။

(ဃ) ------------------------------------------
--------------------------------ရန်။

(င) ------------------------------------------
--------------------------------ရန်။

မှတ်တမ်းတင်သူ

(-------------- ကျေးရွာအုပ်စုထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီ)

**နောက်ဆက်တွဲ ပုံစံ (၆)**

**မွန်ပြည်နယ်၊ . . . . . . . . . မြို့နယ်၊ . . . . . . . . ကျေးရွာအုပ်စု၊ . . . . . . . . . . . ကျေးရွာ ထင်းစိုက်ခင်းစီမံအုပ်ချုပ်ခြင်း၊ စိုက်ပျိုးခြင်း၊ ခုတ်ယူထုတ်လုပ်ခြင်း၊ ပြန်လည်စိုက်ပျိုးခြင်းဆိုင်ရာစီမံချက်တွင် ပါဝင်သင့်သော အချက်အလက်များ**

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | |
| ၂။ | ရည်ရွယ်ချက် | |
| ၃။ | တည်နေရာနှင့်အကျယ်အဝန်း | |
| ၄။ | ရာသီဥတု (အပူချိန်၊ မိုးရေချိန်) | |
| ၅။ | မြေမျက်နှာပြင်အနေအထား | |
| ၆။ | မြေအမျိုးအစား | |
| ၇။ | လက်ရှိသစ်ပင်ပေါက်ရောက်မှုအခြေအနေ | |
| ၈။ | ထင်းစိုက်ခင်းတည်ထောင်ခြင်း | |
| | (၈-၁) စိုက်ခင်းတည်ထောင်ခြင်း | |
| | (၈-၂) ထင်းစိုက်ခင်းမြေနေရာပြုပြင်ခြင်း | |
| | (၈-၃) သစ်ပင်စိုက်ပျိုးခြင်း | |
| | (၈-၄) ပေါင်းသင်ရှင်းလင်းခြင်း | |
| | (၈-၅) မီးကာကွယ်ခြင်း | |
| | (၈-၆) ခုတ်လှဲခြင်း | |
| | (၈-၇) ဖြန့်ဖြူးခြင်း | |
| ၉။ | နိဂုံး | |
| ၁၀။ | နောက်ဆက်တွဲများ | |
| | (၁) ကျေးရွာထင်းစိုက်ခင်းတည်နေရာပြမြေပုံ (စကေး ၁း၅၀၀၀၀) | |
| | (၂) ကျေးရွာထင်းစိုက်ခင်းနယ်နိမိတ်တစ်လျှောက်ရှိ Way Point များ၏ လတ္တီတွဒ်၊ လောင်ဂျီတွဒ်များကို G P S ဖြင့် တိုင်းတာရရှိသောစာရင်း | |
| | (၃) ကျေးရွာထင်းစိုက်ခင်း၏ Google Earth Map (ဂြိုဟ်တုဓာတ်ပုံ) | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရခိုင်ပြည်နယ်လွှတ်တော်

# ရခိုင်ပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ရခိုင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၅။ )

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် )

**နိဒါန်း**

ရခိုင်ပြည်နယ်လွှတ်တော်သည် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရခိုင်ပြည်နယ်တွင် ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရေးအတွက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ရခိုင်ပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ရခိုင်ပြည်နယ်ကို ဆိုသည်။

(ခ) **ပြည်နယ်အစိုးရအဖွဲ့**ဆိုသည်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က အလုပ်သမားရေးရာကိစ္စရပ်များကို ဆောင်ရွက်ရန် တာဝန်ပေးအပ်သော ဝန်ကြီးကို ဆိုသည်။

(ဃ) **ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ**ဆိုသည်မှာ ပြည်နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများအား ကြီးကြပ်ကွပ်ကဲနိုင်ရန် ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းထားသော ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီကို ဆိုသည်။

(င) **ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံး**ဆိုသည်မှာ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဤဥပဒေအရ တည်ထောင်ဖွဲ့စည်းထားသည့်ရုံးကို ဆိုသည်။

(စ) **မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ**ဆိုသည်မှာ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီက ကြီးကြပ်သော မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီကို ဆိုသည်။

(ဆ) **မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံး**ဆိုသည်မှာ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဤဥပဒေအရ တည်ထောင်ဖွဲ့စည်းထားသည့်ရုံးကို ဆိုသည်။

(ဇ) **ကုန်တင်ကုန်ချလုပ်ငန်း**ဆိုသည်မှာ ရခိုင်ပြည်နယ်အတွင်းရှိ အများပြည်သူနှင့်ဆိုင်သော လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထားဘူတာရုံ၊ အဝေးပြေးကားဂိတ်၊ စက်လှေဆိပ်နှင့် ဈေးကြီး စသည့် နေရာများတွင် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် ကုန်တင်ကုန်ချအလုပ်သမားများ၏ ကာယအားကို အသုံးပြုပြီး ကုန်ပစ္စည်းများကို အခကြေးငွေရယူ၍ အတင်၊ အချ၊ အရွှေ့၊ အပြောင်း၊ အစီ၊ အထပ် ပြုလုပ်ပေးရသော ဝန်ဆောင်မှုလုပ်ငန်းများကို ဆိုသည်။

(ဈ) **ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်**ဆိုသည်မှာ ကုန်တင်ကုန်ချလုပ်ငန်းများနှင့်ပတ်သက်၍ ဤဥပဒေအရ လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုချက်ကို ဆိုသည်။

(ည) **မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမား**ဆိုသည်မှာ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီက အသိအမှတ်ပြုထားသော မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံးများနှင့် ကုန်တင်ကုန်ချလုပ်ငန်း ခွင့်ပြုချက်ရရှိပြီးသည့် လုပ်ငန်းများ၏ ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် လုပ်သားမှတ်ပုံတင်နံပါတ်ရရှိပြီးသော မှတ်ပုံဝင်အလုပ်သမားကို ဆိုသည်။

(ဋ) **သက်သာချောင်ချိရေးရန်ပုံငွေ**ဆိုသည်မှာ မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားများ၏ ဘဝအာမခံချက်ရရှိရေးအတွက် အသုံးပြုရန် နေ့စဉ်လုပ်ခဝင်ငွေများထဲမှ သတ်မှတ်ခွင့်ပြုထားသော ရာခိုင်နှုန်းဖြင့် ဖြတ်တောက်၍ စုဆောင်းထားသည့်ရန်ပုံငွေကို ဆိုသည်။

(ဌ) **လူမှုဖူလုံရေးရန်ပုံငွေ**ဆိုသည်မှာ လူမှုဖူလုံရေးရုံးဖွင့်လှစ်ထားသည့် မြို့နယ်များရှိ မှတ်ပုံဝင် ကုန်တင်ကုန်ချအလုပ်သမားများအတွက် လူမှုဖူလုံရေးထည့်ဝင်ရန် နေ့စဉ်လုပ်ခဝင်ငွေများထဲမှ သတ်မှတ်ခွင့်ပြုထားသော ရာခိုင်နှုန်းဖြင့် ဖြတ်တောက်၍ စုဆောင်းထားသည့်ရန်ပုံငွေကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ပြီး ကုန်ဈေးနှုန်းတည်ငြိမ်စေရေးနှင့် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသည့် ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရန်၊

(ခ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်အားနှင့် ထိုက်တန်သောလုပ်ခ အပြည့်အဝမှန်ကန်စွာ ရရှိစေရန်နှင့် ငွေကြေးအလွဲသုံးစားမှုမဖြစ်စေရန်၊

(ဂ) ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးနှင့် ဘဝအာမခံချက်များ ရရှိစေရန်၊

(ဃ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်စည်းကမ်းကောင်းမွန်စေရန်နှင့် တည်ငြိမ်အေးချမ်းမှု ရှိစေရန်၊

(င) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်အခြေအနေ တိုးတက်ကောင်းမွန်စေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရန်။

## အခန်း (၃)
## ကုန်တင်ကုန်ချလုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း

၄။ ဤဥပဒေအရ ကုန်တင်ကုန်ချလုပ်ငန်းများကို ဆောင်ရွက်ရန် အောက်ပါကော်မတီများနှင့် ရုံးများကို ဖွဲ့စည်းရမည် -

(က) ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီနှင့် ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံး၊

(ခ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီများနှင့် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံးများ။

၅။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(က) ဝန်ကြီး ဥက္ကဋ္ဌ

(ခ) လက်ထောက်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အလုပ်သမားညွှန်ကြားမှုဦးစီးဌာန

(ဂ) ပြည်နယ်မန်နေဂျာ လူမှုဖူလုံရေးအဖွဲ့ — အဖွဲ့ဝင်

(ဃ) ပြည်နယ်ဆိပ်ကမ်းအရာရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် — အဖွဲ့ဝင်

(င) ပြည်နယ်မှူး ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံး — အတွင်းရေးမှူး

၆။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံး မဖွဲ့စည်းရသေးသည့် အချိန်ကာလအတွင်း ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၏ အတွင်းရေးမှူးတာဝန်ကို ညွှန်ကြားရေးမှူး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည်။

၇။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီကို လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ ပြည်နယ်အစိုးရအဖွဲ့က ပြင်ဆင်ပြောင်းလဲဖွဲ့စည်းနိုင်သည်။

၈။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည် -

(က) မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ဥက္ကဋ္ဌ

(ခ) မြို့နယ်ကုန်သည်ကြီးများမှ ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(ဂ) မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများအတွင်းမှ အများသဘောတူရွေးချယ်သော အလုပ်သမားကိုယ်စားလှယ် (၂) ဦး — အဖွဲ့ဝင်

(ဃ) ဒု-ဦးစီးမှူး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ — အဖွဲ့ဝင်

(င) ဆိပ်ကမ်းတာဝန်ခံ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ — အဖွဲ့ဝင်

(စ) မြို့နယ်တာဝန်ခံ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံး — အတွင်းရေးမှူး

၉။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၏ သက်တမ်းမှာ ဖွဲ့စည်းသည့်နေ့မှစ၍ (၂) နှစ်ဖြစ်သည်။

၁၀။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီဝင်များ လစ်လပ်ပါက အစားထိုးခန့်ထားခြင်းများကို ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီမှ ရက်သတ္တနှစ်ပတ်အတွင်း ဆောင်ရွက်ရမည်။

## အခန်း (၄)
## ကုန်တင်ကုန်ချလုပ်ငန်းကော်မတီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၁။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် သက်သာချောင်ချိရေး၊ လူမှုဖူလုံရေးရန်ပုံငွေများ စနစ်တကျရှိစေရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ပြည်နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများနှင့် ကုန်တင်ကုန်ချလုပ်ငန်း ခွင့်ပြုချက်လျှောက်ထားမှုများကို လိုအပ်သလို စိစစ်ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း၊

(ဂ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီများနှင့် ကုန်တင်ကုန်ချလုပ်ငန်း ခွင့်ပြုချက်ရရှိထားသူများမှ တင်ပြလာသည့် ဒေသန္တရကုန်စျေးနှုန်းများနှင့်အညီ ထိုက်တန်သော လုပ်ခနှုန်းထားများ ရရှိစေရေးအတွက် စိစစ်အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊

(ဃ) ကုန်တင်ကုန်ချလုပ်ငန်းများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် မတော်တဆ ထိခိုက်မှုမဖြစ်ပွားစေရေးတို့အတွက် ကြီးကြပ်ညွှန်ကြားခြင်း၊

(င) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံးများကို ဖွဲ့စည်းပြီးလုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(စ) ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၏ အစည်းအဝေးကို တစ်လလျှင် တစ်ကြိမ် ကျင်းပခြင်း၊ လိုအပ်ပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပခြင်း၊

(ဆ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံး ဖွင့်လှစ်ပြီးနောက် လုံလောက်သောအကြောင်း တစ်ရပ်ရပ်ကြောင့် ဖျက်သိမ်းရမည့်အခြေအနေ ပေါ်ပေါက်လာပါက ပြည်နယ်ကုန်တင်ကုန်ချ လုပ်ငန်းကော်မတီမှ လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်၍ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကော်မတီရုံးကို သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းပြီး ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခြင်း။

၁၂။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ စစ်ဆေးခြင်းနှင့် မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများ သက်သာချောင်ချိရေးအတွက် ဤဥပဒေနှင့် အညီ စီမံဆောင်ရွက်ပေးခြင်း၊

(ခ) မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများတွင် မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားအဖြစ် လုပ်ကိုင်လိုသူများရှိပါက စနစ်တကျရွေးချယ်၍ မှတ်ပုံတင်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်း၊ စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(ဂ) မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားအင်အား အနည်းဆုံးနှင့် အများဆုံးသတ်မှတ်ချက်များ၊ ကရုဏာကြေးသတ်မှတ်ချက်များနှင့် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြုစု၍ ပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(ဃ) ကုန်တင်ကုန်ချလုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးနှင့် စည်းကမ်းဖောက်ဖျက်သော မှတ်ပုံတင် ကုန်တင်ကုန်ချအလုပ်သမားများကို အရေးယူအပြစ်ပေးခြင်း၊ ထုတ်ပယ်ခြင်းကိစ္စရပ်များအား ကြီးကြပ်ခြင်းနှင့် အတည်ပြုခြင်း၊

(င) ဒေသန္တရကုန်စျေးနှုန်းများနှင့် လိုက်လျောညီထွေရှိသည့် ကုန်တင်ကုန်ချလုပ်ခ သတ်မှတ်ချက် များကို အများပြည်သူသိရှိနိုင်ရန် လုပ်ငန်းဌာနခွဲတိုင်း၌ ကြေညာထားရှိခြင်း၊ ကြေညာသတ်မှတ်ချက် များနှင့်အညီ လိုက်နာဆောင်ရွက်မှုအခြေအနေကို အခါအားလျော်စွာစစ်ဆေးခြင်း၊

(စ) ဒေသန္တရကုန်စျေးနှုန်းများနှင့် လိုက်လျောညီထွေရှိသည့် ကုန်တင်ကုန်ချလုပ်ခများ တိုးမြှင့်ရန် လိုအပ်လာပါက ဆက်စပ်အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်း ကော်မတီသို့ အတည်ပြုနိုင်ရေးတင်ပြခြင်း၊

(ဆ) ကုန်တင်ကုန်ချလုပ်ငန်းများတွင် လိုအပ်ပါက အလုပ်သမားမှူး၊ အလုပ်သမားစုမှူး၊ စောင့်ရှောက်ရေးမှူး စသည့် ရာထူးများခန့်ထားခြင်း၊ ရပ်စဲခြင်းတို့နှင့်ပတ်သက်၍ ကြီးကြပ်ခြင်း၊ အတည်ပြုမိန့်များ ထုတ်ပြန်ခြင်း၊

(ဇ) မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမား တစ်ဦးဦးကဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ ၎င်းတို့၏ နစ်နာမှုများကို တင်ပြတိုင်ကြားလာပါက စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းစစ်ဆေးခြင်း၊

(ဈ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ နေရာသစ်၊ လုပ်ကွက်သစ်များရရှိရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊

(ည) ပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းကော်မတီမှ အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန် များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)

## ခွင့်ပြုချက်တောင်းခံခြင်း၊ ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း

၁၃။ ကုန်တင်ကုန်ချအလုပ်သမား (၅) ဦးနှင့်အထက်ရှိပြီး တစ်နှစ်အတွင်း အလုပ်လုပ်ချိန်ကာလ (၄) လ ရှိသည့် အောက်ဖော်ပြပါ ကုန်တင်ကုန်ချလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လျက်ရှိသူ၊ လုပ်ကိုင်လိုသူသည် ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက် လျှောက်လွှာများကို သက်ဆိုင်ရာမြို့နယ်ကုန်တင်ကုန်ချ လုပ်ငန်းကော်မတီ သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံး မဖွဲ့စည်းရသေးသော မြို့နယ်များတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည် -

(က) အများပြည်သူနှင့်ဆိုင်သော လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထားဘူတာရုံ၊ အဝေးပြေးကားဂိတ်၊ စက်လှေဆိပ်၊ ဈေးကြီးနှင့်ပွဲရုံ စသည့် နေရာများတွင် ကုန်တင်ကုန်ချလုပ်ငန်းများကို ကြီးကြပ် လုပ်ကိုင်နေသော ပုဂ္ဂလိကအဖွဲ့အစည်းများ၊

(ခ) စည်ပင်သာယာရေးကော်မတီက ကြီးကြပ်လျက်ရှိသော ဈေးများ၊ ကုန်းတို့ဆိပ်များ၊ သင်္ဘောဆိပ် များတွင် ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်နေသူများ၊

(ဂ) အစိုးရဌာနမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက တာဝန်ယူဆောင်ရွက်လျက် ရှိသော ပစ္စည်းသယ်ဆောင်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသူများ၊

(ဃ) နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများတွင် ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်နေသည့် အဖွဲ့အစည်းများ။

၁၄။ ပုဒ်မ ၁၃ အရ ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားချက်များကို ပြည်နယ်ကုန်တင် ကုန်ချလုပ်ငန်းကော်မတီ သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီမှ စိစစ်ခြင်း၊ ခွင့်ပြုချက် ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၅။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် ထုတ်ပေးထားသောခွင့်ပြုချက်ကို ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် သတ်မှတ်ကာလမတိုင်မီ ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း (၆)

## ရန်ပုံငွေများထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၁၆။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားများ၏ လူမှု ဖူလုံရေးနှင့် သက်သာချောင်ချိရေးရန်ပုံငွေများကို သတ်မှတ်ချက်များနှင့်အညီ ထူထောင်ထားရှိရေး ကြီးကြပ် ကွပ်ကဲဆောင်ရွက်ရမည်။

၁၇။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် သက်သာချောင်ချိရေးအတွက် တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် လုပ်သက်ဆုငွေနှင့် အခါအားလျော်စွာ သတ်မှတ်သည့်ကရုဏာကြေးကို ထုတ်ပေးနိုင်သည်။

၁၈။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် လူမှုဖူလုံရေးနှင့်သက်သာချောင်ချိရေး ရန်ပုံငွေများ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသောဘဏ္ဍာရေး စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။

၁၉။ ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် ပြည်နယ်ကုန်တင်ကုန်ချ လုပ်ငန်းကော်မတီ သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် သက်သာချောင်ချိရေး ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။

## အခန်း (၇)
## တားမြစ်ချက်များ

၂၀။ မည်သူမျှ အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ -

(က) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီမှ ကြီးကြပ်ကွပ်ကဲလျက်ရှိသော လုပ်ငန်းနေရာများတွင် မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားမဟုတ်ဘဲဖြစ်စေ၊ လုပ်ငန်းခွင့်ပြုချက်မရှိဘဲဖြစ်စေ ကုန်တင်ကုန်ချလုပ်ငန်းကို လုပ်ကိုင်ခြင်း၊

(ခ) မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများ၏လုပ်အားခကို အလွဲသုံးစားပြုခြင်း၊

(ဂ) မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးနှင့်စပ်လျဉ်း၍ ခွင့်ပြုထားသည့် ကရုဏာကြေးနှင့် ထောက်ပံ့ကြေးတို့ကို သက်ဆိုင်ရာရန်ပုံငွေမှ သတ်မှတ်ချိန်အတွင်း ထုတ်ပေးရန် ပျက်ကွက်ခြင်း။

၂၁။ မည်သူမျှ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၏ လွှဲအပ်တာဝန်ပေးချက်အရ ကော်မတီ သို့မဟုတ် ကော်မတီဝင်တစ်ဦးဦးက ကုန်တင်ကုန်ချလုပ်ငန်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုများကို တားဆီးခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း မပြုရ။

၂၂။ မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ -

(က) သတ်မှတ်ထားသော အခကြေးငွေထက်ပို၍ အများပြည်သူထံမှ လုပ်အားခ ပိုမိုတောင်းခံခြင်း၊

(ခ) ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

## အခန်း (၈)
## ပြစ်ဒဏ်များ

၂၃။ မည်သူမဆို ပုဒ်မ ၂၀ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၄။ မည်သူမဆို ပုဒ်မ ၂၀ ပုဒ်မခွဲ (ခ) နှင့် (ဂ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၅။ မည်သူမဆို ပုဒ်မ ၂၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း (၉)

## အထွေထွေ

၂၇။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်ထုတ်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ လုပ်ငန်းခွင့်ပြုချက်သက်တမ်း၊ လုပ်ငန်းခွင့်ပြုချက်အခကြေးငွေ၊ သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေများကို သတ်မှတ်ရမည်။

၂၈။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၏ တာဝန်ပေးခြင်းခံရသူသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၏ ခွင့်ပြုမိန့်ဖြင့် သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုပိုင်ခွင့်ရှိသည်။

၂၉။ ယခင်ပြည်တွင်းကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် ဤဥပဒေအရ ဖွဲ့စည်းထားသည့် ကော်မတီထံ လုပ်ငန်းနှင့်ပိုင်ဆိုင်ခွင့်အရပ်ရပ်ကို ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသည့် အဖွဲ့အစည်း၏ ကြီးကြပ်မှုဖြင့် လွှဲပြောင်းပေးအပ်စေရမည်။

၃၀။ ၁၉၄၇ ခုနှစ်၊ အရေးကြီးကုန်ပစ္စည်းများနှင့်ဆောင်ရွက်မှုဆိုင်ရာ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သည့် ၁၉၅၉ ခုနှစ်၊ အလုပ်သမားများအလုပ်အကိုင်ကြီးကြပ်အုပ်ချုပ်ရေးအမိန့် (The Labour Employment Control Order, 1959)၊ ယင်းအမိန့်အရ ပြုလုပ်သည့် ၁၉၇၀ ပြည့်နှစ် ပြည်တွင်းကုန်တင်ကုန်ချ အလုပ်သမားများ စောင့်ရှောက်ရေး စည်းမျဉ်းဥပဒေများ၊ ၂၀၀၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် တည်မြဲအမိန့်နှင့် ဘဏ္ဍာရေးစည်းမျဉ်းတို့သည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

လှမောင်တင်၊
ဝန်ကြီးချုပ်၊
ရခိုင်ပြည်နယ်အစိုးရအဖွဲ့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရခိုင်ပြည်နယ်လွှတ်တော်**

# ရခိုင်ပြည်နယ် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေ

**( ၂၀၁၃ ခုနှစ်၊ ရခိုင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၆။ )**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် )

## နိဒါန်း

ရခိုင်ပြည်နယ်လွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရခိုင်ပြည်နယ်အတွင်း ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးအတွက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ရခိုင်ပြည်နယ် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ရခိုင်ပြည်နယ်ကို ဆိုသည်။

(ခ) **ပြည်နယ်အစိုးရအဖွဲ့**ဆိုသည်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ရခိုင်ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ပြည်နယ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့**ဆိုသည်မှာ ရခိုင်ပြည်နယ်အတွင်း ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းသော ပြည်နယ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ကို ဆိုသည်။

(စ) **ကော်မတီရွေးချယ်ရေးအဖွဲ့**ဆိုသည်မှာ ရခိုင်ပြည်နယ် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းသော ကော်မတီရွေးချယ်ရေးအဖွဲ့ကို ဆိုသည်။

(ဆ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ကော်မတီရွေးချယ်ရေးအဖွဲ့က ဖွဲ့စည်းသော ရခိုင်ပြည်နယ် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီကို ဆိုသည်။

(ဇ) **ကော်မတီရုံး**ဆိုသည်မှာ ကော်မတီ၏လုပ်ငန်းများ ဆောင်ရွက်ရန် တည်ထောင်ဖွဲ့စည်းထားသည့်ရုံးကို ဆိုသည်။

(ဈ) **ရုံးအဖွဲ့မှူး**ဆိုသည်မှာ ကော်မတီရုံး၏လုပ်ငန်းများကို စီမံဆောင်ရွက်သူကို ဆိုသည်။

(ည) **ဝန်ထမ်း**ဆိုသည်မှာ ကော်မတီက သတ်မှတ်ချက်နှင့်အညီ ခန့်ထားသူကို ဆိုသည်။

(ဋ) **လိုင်စင်**ဆိုသည်မှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ခွင့်ပြုသော သက်ဆိုင်ရာဌာနက ထုတ်ပေးသည့် သက်သေခံလက်မှတ်ကို ဆိုသည်။

(ဋ) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ သယ်ယူပို့ဆောင်ရေး လုပ်ငန်းဆောင်ရွက်ခွင့်ပြုသော သက်ဆိုင်ရာဌာနက ထုတ်ပေးသည့် သက်သေခံလက်မှတ်ကို ဆိုသည်။

(ဌ) **မော်တော်ယာဉ်**ဆိုသည်မှာ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ သယ်ယူပို့ဆောင်ရေး အလို့ငှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ထွက် ပစ္စည်းတစ်မျိုးမျိုးအသုံးပြု၍ ရရှိသည့် စက်စွမ်းအား ဖြင့်သော်လည်းကောင်း၊ အခြားစွမ်းအင်တစ်မျိုးမျိုးဖြင့်သော်လည်းကောင်း ပြည်သူတို့ဆိုင်ရာ လမ်းများပေါ်တွင် မောင်းနှင်သွားလာသည့် ဘီးတပ်ယာဉ်တစ်မျိုးမျိုးကို ဆိုသည်။

(ဎ) **ပုဂ္ဂလိကပိုင်မော်တော်ယာဉ်**ဆိုသည်မှာ နိုင်ငံတော်ပိုင်မော်တော်ယာဉ်မှတစ်ပါး၊ ကျန်ပုဂ္ဂလိကပိုင် မော်တော်ယာဉ်တစ်မျိုးမျိုးကို ဆိုသည်။

(ဏ) **မော်တော်ယာဉ်လုပ်ငန်း**ဆိုသည်မှာ ရခိုင်ပြည်နယ်အတွင်း လုပ်ငန်းလိုင်စင်ရှိပြီးသော ပုဂ္ဂလိကပိုင် မော်တော်ယာဉ်များဖြင့် ဆောင်ရွက်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဆိုသည်။

(တ) **မော်တော်ယာဉ်အသင်း**ဆိုသည်မှာ ရခိုင်ပြည်နယ်အတွင်း ဝင်ထွက်သွားလာ၍ စီးပွားရေးကိစ္စ အလို့ငှာ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့် လုပ်ငန်းလိုင်စင်ရှိပြီးသော ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များဖြင့် ဖွဲ့စည်းထားသည့် မော်တော်ယာဉ်အသင်းကို ဆိုသည်။

(ထ) **မော်တော်ယာဉ်လိုင်း**ဆိုသည်မှာ ရခိုင်ပြည်နယ်အတွင်း ဝင်ထွက်သွားလာ၍ စီးပွားရေးကိစ္စ အလို့ငှာ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ခရီးစဉ်အလိုက် သတ်မှတ်၍ ပြေးဆွဲသော ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များဖြင့် ဖွဲ့စည်းထားသည့် မော်တော်ယာဉ်လိုင်းကို ဆိုသည်။

(ဒ) **မော်တော်ယာဉ်ပိုင်ရှင်**ဆိုသည်မှာ တည်ဆဲဥပဒေနှင့်အညီ မော်တော်ယာဉ်အား တရားဝင် ပိုင်ဆိုင်ခွင့်ရှိသည့် ပုဂ္ဂိုလ်ကို ဆိုသည်။

(ဓ) **မော်တော်ယာဉ်လုပ်သား**ဆိုသည်မှာ ကော်မတီ၏ကြီးကြပ်မှုအောက်တွင် ပြေးဆွဲနေသည့် ပုဂ္ဂလိက မော်တော်ယာဉ်ပိုင်ရှင်က တာဝန်ပေးခန့်ထားသော သက်ဆိုင်ရာဌာနမှ အသိအမှတ်ပြုလက်မှတ် ရရှိထားသည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်အပါအဝင် မော်တော်ယာဉ်တွင် တာဝန် ထမ်းဆောင်နေသူများကို ဆိုသည်။

## အခန်း (၂)
## ပြည်နယ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၃။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ကို -

(က) အဖွဲ့ဝင်ဦးရေအများဆုံး (၁၁) ဦးဖြင့် ဖွဲ့စည်းရမည်၊

(ခ) ဝန်ကြီးအပါအဝင် သင့်လျော်သောဌာနဆိုင်ရာများ၊ မော်တော်ယာဉ်ပိုင်ရှင်များနှင့် အခြား သင့်လျော်သောနိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်၊

(ဂ) ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးကို တစ်ပါတည်းသတ်မှတ်ရမည်၊

(ဃ) တွဲဖက်အတွင်းရေးမှူးအဖြစ် မော်တော်ယာဉ်ပိုင်ရှင်များထဲမှ သင့်လျော်သူတစ်ဦးကို တာဝန်ပေး ဖွဲ့စည်းရမည်။

၄။ ပြည်နယ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအပြင် နည်းဥပဒေများနှင့်လည်း သတ်မှတ်နိုင်သည်။

[ ဆက်လက်ဖော်ပြပါမည်။ ]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | { ၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက် ( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် ) } | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက် )

အမှတ် ၅ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်စွဲပါ စာအမှတ်၊ ၆၈၃ (ဃ)-ထူး/၄-နစရ/ဝကရ (၁၆၀၈) အရ ကာကွယ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းပေးသော ကြည်း-၄၇၈၁၃ ဗိုလ်ကြီးသော်တာထွန်းအား ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနတွင် အင်အားတိုးယူပြီး အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်၊ တိုင်းရင်းသားရေးရာဌာနတွင် ဦးစီးအရာရှိနှင့် လစာနှုန်းတူ လက်ထောက်ကထိက လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးဖြင့် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် )

အမှတ် ၆ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၌ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၃) ခွင့်ပြုချက်အရ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ဦးကြည်လင်းအား ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်တိုင်းရင်းသားရေးရာဌာနရှိ ညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးနှင့် လစာနှုန်းတူ ဌာနမှူးရာထူးနေရာသို့ အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားပြီး ရုံးချုပ်တွင် တွဲဖက်တာဝန်ချထားလိုက်သည်။

အမှတ် ၇ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၌ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၃) ခွင့်ပြုချက်အရ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးချုပ်မှ အောက်ပါ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) (၂) ဦးအား ယှဉ်တွဲပါ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း

(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာများသို့ အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်/ရာထူး/ဌာန | တိုးမြှင့်မည့်ရာထူး/ဌာန |
|---|---|---|
| (က) | ဦးခင်မောင်မြင့်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ရုံးချုပ် | ဒုတိယညွှန်ကြားရေးမှူး<br>ရုံးချုပ် |
| (ခ) | ဦးအောင်ကြိုင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ရုံးချုပ် | ဒုတိယညွှန်ကြားရေးမှူး<br>ရုံးချုပ် |

အမှတ် ၈ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၌ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၃) ခွင့်ပြုချက်အရ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ အောက်ပါ ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) (၇) ဦးတို့အား ယှဉ်တွဲပါ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) နှင့် လစာနှုန်းရာထူးနေရာများသို့ အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်/ရာထူး/ဌာန | တိုးမြှင့်မည့်ရာထူး/ဌာန |
|---|---|---|
| (က) | ဦးအောင်သိမ်း<br>ကျောင်းအုပ်<br>စက်မှုကျောင်း (ပန်ဆန်း) | လက်ထောက်ညွှန်ကြားရေးမှူး<br>ရုံးချုပ် |
| (ခ) | ဦးဆန်းထွန်းလင်း<br>ဦးစီးအရာရှိ<br>ရုံးချုပ် | လက်ထောက်ညွှန်ကြားရေးမှူး<br>ရုံးချုပ် |
| (ဂ) | ဦးမြတ်သောင်းထွန်း<br>ဦးစီးအရာရှိ<br>ရုံးချုပ် | လက်ထောက်ညွှန်ကြားရေးမှူး<br>ရုံးချုပ် |
| (ဃ) | ဦးတင်မောင်လွင်<br>ကျောင်းအုပ်<br>စက်မှုကျောင်း (လောက်ကိုင်) | လက်ထောက်ညွှန်ကြားရေးမှူး<br>ဗဟိုလေ့ကျင့်ရေးကျောင်း |
| (င) | ဒေါ်စောစောတိုး<br>ဦးစီးအရာရှိ<br>ဗဟိုလေ့ကျင့်ရေးကျောင်း | လက်ထောက်ညွှန်ကြားရေးမှူး<br>ဗဟိုလေ့ကျင့်ရေးကျောင်း |
| (စ) | ဒေါ်စုစုသက်<br>ဦးစီးအရာရှိ<br>ဗဟိုလေ့ကျင့်ရေးကျောင်း | လက်ထောက်ညွှန်ကြားရေးမှူး<br>ဗဟိုလေ့ကျင့်ရေးကျောင်း |
| (ဆ) | ဦးမျိုးဝင်းထွန်း<br>ဦးစီးအရာရှိ<br>ဒီဂရီကောလိပ်<br>ရန်ကုန် | ကျောင်းအုပ်<br>ပရဟိတ (ကျား) ကျောင်း |

အမှတ် ၉ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၌ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၃) ခွင့်ပြုချက်အရ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ ရန်ကုန်မှ အောက်ပါ ဆရာ/ဆရာမ (၃) ဦးတို့အား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ယှဉ်တွဲပါ ရာထူးနေရာများသို့ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်/ရာထူး/ဌာန/လစာနှုန်း | တိုးမြှင့်မည့်ရာထူး/ဌာန/လစာနှုန်း |
|---|---|---|
| (က) | ဒေါ်ခင်စန်းဟန်<br>တွဲဖက်ပါမောက္ခ<br>ရူပဗေဒဌာန<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) | ပါမောက္ခ<br>ရူပဗေဒဌာန<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) |
| (ခ) | ဦးလှဆန်းဝင်း<br>ကထိက<br>အရှေ့တိုင်းပညာဌာန<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) | တွဲဖက်ပါမောက္ခ<br>အရှေ့တိုင်းပညာဌာန<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) |
| (ဂ) | ဒေါ်ဇင်မာစိုး<br>လက်ထောက်ကထိက<br>ကွန်ပျူတာသိပ္ပံဌာန<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) | ကထိက<br>ကွန်ပျူတာသိပ္ပံဌာန<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>တွဲဖက်ပါမောက္ခရာထူး ကျောထောက်နောက်ခံပြု၍ |

အမှတ် ၁၀ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၌ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၃) ခွင့်ပြုချက်အရ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ စစ်ကိုင်းမှ အောက်ပါ ဆရာမ (၄) ဦးတို့အား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ယှဉ်တွဲပါရာထူးနေရာများသို့ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်/ရာထူး/ဌာန/<br>လစာနှုန်း/ကျောင်း | တိုးမြှင့်မည့်ရာထူး/ဌာန/လစာနှုန်း/ကျောင်း |
|---|---|---|
| (က) | ဒေါ်သန္တာစိုး<br>ကထိက<br>အင်္ဂလိပ်စာဌာန<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ်<br>စစ်ကိုင်း | တွဲဖက်ပါမောက္ခ<br>အင်္ဂလိပ်စာဌာန<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ်<br>ရန်ကုန် |
| (ခ) | ဒေါ်တင်တင်နွဲ့<br>လက်ထောက်ကထိက<br>တိုင်းရင်းသားရေးရာဌာန<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>ဒီဂရီကောလိပ်<br>စစ်ကိုင်း | ကထိက<br>တိုင်းရင်းသားရေးရာဌာန<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ်<br>စစ်ကိုင်း |

| စဉ် | အမည်/ရာထူး/ဌာန/ လစာနှုန်း/ကျောင်း | တိုးမြှင့်မည့်ရာထူး/ဌာန/လစာနှုန်း/ကျောင်း |
|---|---|---|
| (ဂ) | ဒေါ်ဇင်မာဝင်း<br>လက်ထောက်ကထိက<br>သချ်ာဌာန<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>ဒီဂရီကောလိပ်<br>စစ်ကိုင်း | ကထိက<br>သချ်ာဌာန<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ်<br>စစ်ကိုင်း |
| (ဃ) | ဒေါ်ဖြိုးဖြိုး<br>လက်ထောက်ကထိက<br>လျှပ်စစ်စွမ်းအားဌာန<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>ဒီဂရီကောလိပ်<br>စစ်ကိုင်း | ကထိက<br>လျှပ်စစ်စွမ်းအားဌာန<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဒီဂရီကောလိပ်<br>စစ်ကိုင်း |

စံရွှေအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန။

## ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် )

အမှတ် ၄၃၄ ။ ။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်၊ ရက်စွဲပါစာအမှတ်၊ ၁/၁၉၀ (က) (၆) (၁၆၉၄/၂၀၁၃) အရ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) (၁၃) ဦးအား လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးသို့ သက်ဆိုင်ရာဌာနသို့ စတင်ရောက်ရှိသတင်းပို့သည့်နေ့ရက်မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး ယင်းနေ့ နံနက်ပိုင်းမှစ၍ ကနဦးလစာ ၁၄၀,၀၀၀/- ထုတ်ယူခွင့်ပြုလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့်နေရာ |
|---|---|---|
| ၁။ | ဦးတင်ထွန်း | နွားထိုးကြီးမြို့နယ်မြေစာရင်းဦးစီးဌာန |
| ၂။ | ဦးအောင်ကျော်စိုး | ကလေးမြို့နယ်မြေစာရင်းဦးစီးဌာန |
| ၃။ | ဦးသက်တင် | မြိတ်မြို့နယ်မြေစာရင်းဦးစီးဌာန |
| ၄။ | ဦးကျော်ကျော် | မြင်းခြံမြို့နယ်မြေစာရင်းဦးစီးဌာန |
| ၅။ | ဦးကျော်သိန်း | မင်းဘူးမြို့နယ်မြေစာရင်းဦးစီးဌာန |
| ၆။ | ဦးဝင်းမြင့်ဦး | လွိုင်ကော်ခရိုင်မြေစာရင်းဦးစီးဌာန |
| ၇။ | ဦးဇော်လွင်ဦး | ကျောက်ဆည်မြို့နယ်မြေစာရင်းဦးစီးဌာန |
| ၈။ | ဦးဟန်မျိုးဝင်း | မော်လမြိုင်ကျွန်းမြို့နယ်မြေစာရင်းဦးစီးဌာန |
| ၉။ | ဦးဇော်မျိုးဦး | ကျောက်မဲမြို့နယ်မြေစာရင်းဦးစီးဌာန |
| ၁၀။ | ဦးစိန်ကြည်လေး | မကွေးမြို့နယ်မြေစာရင်းဦးစီးဌာန |
| ၁၁။ | ဦးထွန်းထွန်းလင်း | မြစ်ကြီးနားမြို့နယ်မြေစာရင်းဦးစီးဌာန |

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့်နေရာ |
|---|---|---|
| ၁၂။ | ဦးငွေစိုးလွင် | ပေါင်းတည်မြို့နယ်မြေစာရင်းဦးစီးဌာန |
| ၁၃။ | ဦးဇော်လင်းထွန်း | လှည်းကူးမြို့နယ်မြေစာရင်းဦးစီးဌာန |

သတိုးအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန။

## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

### အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၃)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် )

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန **အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းစိစစ်ရေးအဖွဲ့**၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်စွဲပါ စာအမှတ်၊ ဆသန/ ၃-၀၁/၀၀၂ (၂၀၁၃/၃၇၂၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက် သင်တန်းကျောင်းမှ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူး၊ ဒေါ်ရှုအေးအား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကြေးနန်း ဆက်သွယ်ရေးနှင့်စာတိုက်သင်တန်းကျောင်းရှိ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) တန်းဝင် ဒုတိယ ကျောင်းအုပ်အဖြစ် တိုးမြှင့်တာဝန်ချထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၈၅/၂၀၁၃)

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန **အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းစိစစ်ရေးအဖွဲ့**၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်စွဲပါ စာအမှတ်၊ ဆသန/ ၃-၀၁/၀၀၂ (၂၀၁၃/၃၇၂၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်ပဆက်သွယ်ရေးစခန်းမှ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူး ဦးဝင်းအောင်အား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့်နည်းပညာဌာနရှိ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) တန်းဝင် ဒုတိယအင်ဂျင်နီယာချုပ်အဖြစ် တိုးမြှင့်ခန့်ထားပြီး ပြည်ပဆက်သွယ်ရေးစခန်းတွင် တွဲဖက်တာဝန်ချထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၁၃)

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန **အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းစိစစ်ရေးအဖွဲ့**၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်စွဲပါ စာအမှတ်၊ ဆသန/ ၃-၀၁/၀၀၂ (၂၀၁၃/၃၇၂၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့်နည်းပညာ ဌာနမှ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူး ဦးနေလင်းထွန်းအား အလုပ်

ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပစ္စည်းဌာနရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် မန်နေဂျာအဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၁၃)

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန **အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းစိစစ်ရေးအဖွဲ့**၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်စွဲပါ စာအမှတ်၊ ဆသန/ ၃-၀၁/၀၀၂ (၂၀၁၃/၃၇၂၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ GSM မိုဘိုင်းလိုင်းသန်း (၃၀) တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းမှ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူး ဦးအောင်ကြည်မြင့်အား ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဌာနရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူး အဖြစ် တိုးမြှင့်ခန့်ထားပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့တွင် ပြည်နယ် မန်နေဂျာအဖြစ် တာဝန်ချထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၈/၂၀၁၃)

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန **အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းစိစစ်ရေးအဖွဲ့**၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်စွဲပါ စာအမှတ်၊ ဆသန/ ၃-၀၁/၀၀၂ (၂၀၁၃/၃၇၂၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်ပဆက်သွယ်ရေးစခန်း၊ ဖျာပုံ ရေအောက်ကေဘယ်လ်မှ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်းဝင် လက်ထောက်အင်ဂျင်နီယာ ဦးစိုးမြင့်အား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်ပဆက်သွယ်ရေးစခန်းရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူးအဖြစ် တိုးမြှင့်တာဝန်ချထားလိုက်သည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန **အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းစိစစ်ရေးအဖွဲ့**၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်စွဲပါ စာအမှတ်၊ ဆသန/ ၃-၀၁/၀၀၂ (၂၀၁၃/၃၇၂၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ GSM မိုဘိုင်းလိုင်းသန်း (၃၀) တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းမှ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူး ဦးကျော်ဝင်းအား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့်စာတိုက်သင်တန်းကျောင်းရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် အင်ဂျင်နီယာမှူးအဖြစ် တိုးမြှင့်ခန့်ထားပြီး အော်တိုတယ်လီဖုန်းစခန်းတွင် တွဲဖက်တာဝန်ချထားလိုက်သည်။

အောင်မော်၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက် ( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် ) | သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

**ကမ္ဘာ့အောင်မြင်သော ကုန်သွယ်မှုလုပ်ငန်းဆိုင်ရာရင်းနှီးမြှုပ်နှံမှု**
**သတ္တုထုတ်လုပ်မှုကုမ္ပဏီလီမိတက်**
**(GLOBAL VICTORY MERCHANDIZING RELATED INVESTMENT MINING COMPANY LIMITED)**
**(အစုရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)**

[မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း]

အထက်ပါကုမ္ပဏီ၏ နောက်ဆုံးစာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ စာရင်းများကို ရှင်းလင်း၊ ပြုစု၊ ဆောင်ရွက်ထားပြီးဖြစ်ပါ၍ အစုရှင်များသို့ တင်ပြရှင်းလင်းပြီး အတည်ပြုချက်ရယူရန် အစုရှင်များအားလုံး၏ နောက်ဆုံးအထွေထွေအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ အမှတ် (၁၇၀၈)၊ (၁၇) လွှာ၊ ဆာကူရာတာဝါ၊ ၃၃၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၌ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် ကုမ္ပဏီ၏အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပါရန် အသိပေး၊ ကြေညာအပ်ပါသည်။

ဦးဝင်းဋ္ဌေးညွန့်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဒေါ်ခင်သန်းဦး
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

အခန်းအမှတ် (၅/ဘီ)၊ နှင်းဆီအိမ်ရာ၊ အမှတ် (၁၈၂/၁၉၄)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၉၇၃၁၃၊ ၇၀၁၅၄၇

မြန်မာကုမ္ပဏီများအက်ဥပဒေအရ

**လင်းပကြယ် ကုမ္ပဏီလီမိတက်**

**(Linn Pa Kyal Company Limited)**

အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

**လင်းပကြယ် ကုမ္ပဏီလီမိတက် (Linn Pa Kyal Company Limited)** ၏ အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် နောက်ဆုံးအရပ်ရပ်အထွေထွေအစည်းအဝေးကြီးအား ကုမ္ပဏီ၏ရုံးခန်းလိပ်စာဖြစ်သော အမှတ် -၁၅၊ သုမင်္ဂလာ (၁) လမ်း၊ သုမင်္ဂလာအိမ်ရာ (အရှေ့)၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၂၇-၁-၂၀၁၄) ရက်နေ့ နံနက် (၁၀း၀၀) နာရီတိတိတွင် ကျင်းပမည်ဖြစ်ကြောင်း ကုမ္ပဏီ၏အစုရှယ်ယာရှင်အားလုံး တက်ရောက်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ဒေါ်တင်ဝင်းယု၊
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊
ဖမ်မက်ဂရု(ပ်)၊
အမှတ်-၆၁၅ (အေ-၁)၊ အခန်း (ဘီ-၃)၊ ရိုးမရိပ်သာ၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၃၀၄၃၄၉၊ ၅၂၃၃၂၇

**ငွေရောင် သတ္တုရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**

**ARGENT METAL TRADING CO., LTD.**

**အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ငွေရောင် သတ္တုရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (ARGENT METAL TRADING CO., LTD.)** အား (၂၆-၁၂-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၂၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ချိုရီလွင်
Managing Director
Argent Metal Trading Co., Ltd.

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၂၇-၁၂-၂၀၁၃။